ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday, 5 April 2021 ၁၀၃၃၈

# တိုင်းပြည်တစ်ခု တိုးတက်ရန်အတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန် လိုအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

- မဲစာရင်းများ ကြီးမားစွာမှားယွင်းမှုဖြစ်ပေါ်ခဲ့ခြင်းသည် ဒီမိုကရေစီကို ပြက်ရယ်ပြုခြင်း၊ စော်ကားခြင်းဖြစ်သဖြင့် မည်သို့မျှ လက်ခံ၍ ရနိုင်မည် မဟုတ်
- လက်ရှိအချိန်တွင် အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများကို မြို့နယ်တစ်ခုချင်းစီအလိုက် အသေးစိတ်စစ်ဆေးလျက်ရှိပြီး စစ်ဆေးမှုများ အားလုံးပြီးစီးပါက ပေါင်းချုပ်စာရင်းကို ထုတ်ပြန်ပေးသွားမည်
- အဂတိလိုက်စားမှုများကိုလည်း စစ်ဆေးတွေ့ရှိရသဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၄

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ အဖြစ်ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံတော်ကို နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊မိသားစုများအားတွေ့ဆုံအမှာစကားပြောကြားစဉ်ထည့်သွင်းပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးနှင့် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အထိ တပ်မတော်အနေဖြင့် ဖြစ်ပေါ်လာသောအခြေအနေများအရ နိုင်ငံတော်၏တာဝန်များကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

## ကြေးမုံ ယနေ့ ဖတ်စရာ

ဆူပူအုံကြွမှုများကို နိုင်ငံနဲ့ပြည်သူ့အကျိုးအတွက် ဖယ်ရှားရမည်သာ ... စာမျက်နှာ » ၈

ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှု ကြုံရပါက တိုင်ကြားနိုင်မည့် Consumer Call Center တည်ဆောက်သွားမည် စာမျက်နှာ » ၉

တိုင်းပြည်အတွက် အသက်ပေးသွားသည့် အညတရရဲဘော် သို့မဟုတ် အောင်ဆန်းသူရိယလှသောင်း စာမျက်နှာ » ၁၀

လူဖြစ်ကျိုး နပ်နိုင်ကြပါစေ စာမျက်နှာ » ၁၅

ကြေးမုံ

## ပြည်သူများကျန်းမာရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကိုဗစ်-၁၉ ကပ်ရောဂါ တစ်ကမ္ဘာလုံး ဖြစ်ပွားမှုမှာ တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သော်လည်း ယခုအခါ ရောဂါကူးစက်မှုအရှိန်မကျသေးသည့်အပြင် ပြန်လည်ခေါင်းထောင်ထလာသည်ကို တွေ့ရသည်။ အထူးသဖြင့် ဥရောပနိုင်ငံများနှင့် အနောက်နိုင်ငံများတွင် ယခုရက်သတ္တပတ်အတွင်းနှင့် ဧပြီလကုန်ခန့်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၏ ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံးဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြသည်။

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံစားရသူ ကိုးသောင်းကျော် ထပ်မံတွေ့ရှိရပြီး အဆိုပါရောဂါကြောင့် လူနာ ၃၇၆၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ပြင်သစ်နိုင်ငံတွင် နေ့စဉ် ရောဂါကူးစက်ခံရသူ ၃၀၀၀၀ ဝန်းကျင်ရှိပြီး ဂျာမနီနိုင်ငံတွင် မတ်လ ၃၁ ရက်နေ့ တစ်ရက်တည်းတွင် ကူးစက်ခံရသူ ၁၇၀၀၀ ကျော် ရှိခဲ့သည်။ အမေရိကန်နိုင်ငံ၌ ပြည်နယ် ၂၇ ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ မြင့်တက်လာခဲ့ပြီး ရောဂါကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့်အချက်များ လျော့ရဲလာခြင်းကြောင့် ကူးစက်မှုမြင့်တက်လာခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန်သမ္မတက ထုတ်ဖော်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ဖြစ်ပွားလာခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် ယခု ဧပြီလ ၄ ရက်နေ့အထိ အတည်ပြုလူနာ ၁၄၂၅၁၁ နှင့် ရောဂါပိုးကင်းစင်သွားသူ ၁၃၁၈၁၅၊ သေဆုံးသူ ၃၂၀၀ ကျော် ရှိခဲ့သည်။ ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာ ဆယ်ဂဏန်းဝန်းကျင်ရှိနေသော်လည်း ဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်းများ၏ CDM ပြုလုပ်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါပိုး ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပေ။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိသူတို့ကို အလေးထားရှာဖွေနိုင်ခြင်းမရှိ၍ ပိုးတွေ့လူနာနည်းနေခြင်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြသော ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်းများ၏ ကူညီဆောင်ရွက်ပေးမှုများဖြင့် ပြည်သူလူထု ရောဂါကင်းဝေးကျန်းမာရေးအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို နိုင်ငံတစ်ဝန်းတွင် နေ့စဉ်ဆောင်ရွက်ပေးနေသည်။

မြန်မာနိုင်ငံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံအတွက် ကာကွယ်ဆေးရရှိမှုအနေဖြင့် ပြည်ပနိုင်ငံများမှ လှူဒါန်းမှုများအပါအဝင် ပထမအကြိမ် ကာကွယ်ဆေး တစ်သန်းခွဲ၊ ဒုတိယအကြိမ် ကာကွယ်ဆေး နှစ်သန်း စုစုပေါင်း ကာကွယ်ဆေး ၃ ဒသမ ၅ သန်း ရရှိထားပြီး ဖြစ်သည်။ ယနေ့အချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုမှာ ပထမအကြိမ် (First Dose) အတွက် ထိုးနှံပြီးသူဦးရေ တစ်သန်းကျော်နှင့် ဒုတိယအကြိမ် (Second Dose) အတွက် ထိုးနှံပြီးစီးသူ ဦးရေ လေးသောင်းခန့် ရှိပြီဖြစ်သည်။ ပြည်သူများ အထွေထွေရောဂါကုသရေးနှင့်အရေးပေါ်ကုသရေးကို နိုင်ငံတစ်ဝန်းရှိ တပ်မတော်ဆေးရုံများတွင် လက်ခံကုသပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံစဉ်က ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဦးစားပေး ထိုးနှံပေးခဲ့ပြီးနောက် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ထမ်းများ၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံတစ်ဝန်းမှ အသက် ၆၀ နှင့်အထက် ပြည်သူများအား ဦးစားပေးထိုးနှံပေးခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စီမံအုပ်ချုပ်ရေးကောင်စီမှ ပုဂ္ဂိုလ်များ၊ တပ်မတော်နှင့် အရပ်ဘက်ဆေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး လာရောက်ထိုးနှံသူ ပြည်သူများ အဆင်ပြေစိတ်ချမ်းသာရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်စီမံဆောင်ရွက်ပေးမှုဖြင့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းမရှိအောင် စေတနာရှေ့ထား ဆောင်ရွက်ပေးလျက်ရှိရာတွင် ဖျက်လိုဖျက်ဆီးလုပ်လိုသူများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလျှင် အန္တရာယ်ရှိသည်ဟု မမှန်မကန်သတင်းများထုတ်လွှင့်ပြီး နှောင့်ယှက်ခဲ့ကြသော်လည်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများကျန်းမာရေးကို အသိတရားဖြင့် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၄

၂၀၂၁ ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၃၁၁၄၅/ ၀၆၇-၃၄၃၁၆၃၆-လိုင်းခွဲ/၈၃၂)သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းသပ်ထုတ်လွှင့်မည်ဟု သတင်းဖြစ်ပေါ်လျက်ရှိသည့် FM ရေဒီယိုလိုင်းတစ်ခုသည် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်လွှင့်ခွင့်ပြုထားသည့် FM ရေဒီယိုမဟုတ်ပါ။ အကယ်၍ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူခံရမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၂-၄-၂၀၂၁)

## မနက်ဖြန်နံနက်အထိခန့်မှန်းချက်

နေပြည်တော် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဧပြီ ၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | သုတေသန | - ဒေါ်ခင်မာဝင့် |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | စာပြင် | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | အီးမေးလ်နှင့် အွန်လိုင်း | - ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

❒ ရှေ့ဖုံးမှ

တာဝန်ယူဆောင်ရွက်ခဲ့ရသည်မှာ နှစ်လကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခုအခြေအနေသို့ မရောက်ရှိမီကာလများအတွင်း မိမိအနေဖြင့် တပ်နယ်အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းပြောဆိုမှုများ လုပ်ဆောင်ခဲ့ကြောင်း၊ တိုင်းပြည်တစ်ခု တိုးတက်ရန်အတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်အတွက် ပါတီစုံဒီမိုကရေစီစနစ် မှန်ကန်ပါက အေးချမ်းမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီတွင် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူကရွေးချယ်ခြင်းဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်ပါက ကောင်းမွန်မည်ဖြစ်ပြီး မှန်ကန်မှုမရှိပါက အတိုက်အခံများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမျှတပြီး ရိုးသားသည့်နိုင်ငံရေးဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

### သံသယဖြစ်စရာများ တွေ့ရှိ

ရွေးကောက်ပွဲမတိုင်မီကာလများကို ပြန်လည်လေ့လာကြည့်ပါက ပါတီမဲဆွယ်စည်းရုံးရေးများ လုပ်ဆောင်ရာတွင်လည်း ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှုများ မရှိခဲ့သည်ကို သံသယဖြစ်စရာများ တွေ့ရှိရကြောင်း၊ ပါတီ၏မူဝါဒများကြေညာ၍ မဲဆွယ်စည်းရုံးရာ၌ပင် ဆင်ဆာဖြတ်တောက်မှုများ ရှိလာခဲ့ပြီး COVID-19 အကြောင်းပြ၍ အမိန့်မျိုးစုံထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ဆောင်ရွက်ပေးရန် ကြုံသည့်နေရာတိုင်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး လုပ်ဆောင်ပေးရန် အမိကထား ဦးတည်၍ ပြောကြားခဲ့ကြောင်း။

### မလုပ်ဆောင်နိုင်ခဲ့

ဒီမိုကရေစီအစိုးရသက်တမ်း ပထမငါးနှစ်အတွင်း လုပ်ဆောင်ခဲ့သည့် သမ္မတ ဦးသိန်းစိန်အစိုးရသည် အထိုက်အလျောက် အောင်မြင်မှုများရရှိအောင် လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ တပ်မတော်နှင့်လက်တွဲ၍ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး လေးနှစ်အတွင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်သည်အထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အသစ်တက်လာသည့် အစိုးရသည်လည်း ပြည်သူလူထု မျှော်လင့်ထားသည့်အတိုင်းအတာအထိ စွမ်းဆောင်မှုများ မလုပ်ဆောင်နိုင်ခဲ့သည့်အပြင် ဥပဒေနှင့်မလျော်ညီသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်ခဲ့သည်ကိုပင် တွေ့ရှိလာရကြောင်း။

ထို့ကြောင့် ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရခြင်းကို စိတ်ပျက်လာကြပြီး မဲမပေးကြရေး လှုံ့ဆော်မှုများကို လုပ်ဆောင်လာခဲ့ကြကြောင်း၊ ဒီမိုကရေစီစနစ်တွင် မဲမပေးပါက မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများ နစ်နာမည်ဖြစ်သဖြင့် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် အားလုံး ဆန္ဒမဲပေးကြစေရေးနှင့် မိမိဒေသနှင့် တိုင်းပြည်ကို အကျိုးပြုနိုင်မည့်သူ၊ ဥပဒေကို နားလည်မည့်သူ၊ စေတနာထား၍ အုပ်ချုပ်နိုင်မည့်သူကို ရွေးချယ်မဲပေးကြစေရေး အမြဲတိုက်တွန်းပြောဆိုခဲ့ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ပြီး မဲရလဒ်များ ထွက်ပေါ်လာသည့်အချိန်တွင် မသင်္ကာဖွယ်ရာရလဒ်များ ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ စစ်ဆေးခဲ့ရာတွင်လည်း စုစုပေါင်း သံသယဖြစ်ဖွယ် မဲမသမာမှု ၁၀ သန်းကျော်အထိ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်အထိ ကြိုးပမ်းလာမှုများကိုပါ လုပ်ဆောင်လာခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏ တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူထိန်းသိမ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းများကြီးမားစွာ မှားယွင်းမှုဖြစ်ပေါ်ခဲ့ခြင်းသည် ဒီမိုကရေစီကို ပြက်ရယ်ပြုခြင်း၊ စော်ကားခြင်းဖြစ်သဖြင့် မည်သို့မျှ လက်ခံ၍ ရနိုင်မည်မဟုတ်ကြောင်း၊ လက်ရှိအချိန်တွင် အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများကို မြို့နယ်တစ်ခုချင်းစီအလိုက် အသေးစိတ်စစ်ဆေးလျက်ရှိပြီး စစ်ဆေးမှုများ အားလုံးပြီးစီးပါက ပေါင်းချုပ်စာရင်းကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အကတိလိုက်စားမှုများကိုလည်း စစ်ဆေးတွေ့ရှိရသဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံတိုးတက်စေရေးအတွက် ဦးတည်ချက် (၉) ရပ် ချမှတ်ကာ လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်၏ အဓိက လုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး စွမ်းရည်စွမ်းအားနှင့် ပြည့်စုံသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### တပ်မတော်၏ဂုဏ်ကိုမြှင့်တင်

မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ နေထိုင်ပြောဆိုလုပ်ကိုင်မှုများမှတစ်ဆင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်သဖြင့် တစ်ဦးချင်းစွမ်းရည်မြင့်မားစေရေး လေ့ကျင့်ရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးအတွက်လည်း လုပ်သင့်လုပ်ထိုက်သည့် ကိုယ်လက်လှုပ်ရှားအားကစားနှင့် စာပေဖတ်ရှုလေ့လာခြင်းများကို မိမိသာမက မိမိ၏ မိသားစုများကိုပါ လုပ်ဆောင်တတ်စေရန် လေ့ကျင့်တိုက်တွန်းကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းစနစ်တကျရှိပြီး အမိန့်နာခံတတ်သည့် တပ်မတော်ဖြစ်သည်နှင့်အညီ ညီညွတ်မျှတသည့် အုပ်ချုပ်မှုအဆင့်ဆင့် ရှိရမည်ဖြစ်ပြီး လူမှုရေးအရနှင့် အုပ်ချုပ်ရေးအရ အုပ်ချုပ်ခြင်းကို ခွဲခြားသိမြင်ကာ ဦးဆောင်ဦးရွက်ပြုနိုင်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်သည် မကွေးတပ်နယ်ရှိ နယ်မြေခံ လေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ၍ လက်ရှိနိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ တပ်မတော်မှ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး စာမျက်နှာ ၅ သို့ ❁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

- ❖ **တိုင်းပြည်တစ်ခု တိုးတက်ရန်အတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန် လိုအပ်မည်**
- ❖ **နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်အတွက် ပါတီစုံဒီမိုကရေစီစနစ် မှန်ကန်ပါက အေးချမ်းမည်**
- ❖ **ဒီမိုကရေစီတွင် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူကရွေးချယ်ခြင်းဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်ပါက ကောင်းမွန်မည်ဖြစ်ပြီး မှန်ကန်မှုမရှိပါက အတိုက်အခံများ ပိုမိုများပြားလာမည်**
- ❖ **တရားမျှတပြီး ရိုးသားသည့်နိုင်ငံရေးဖြစ်ရန် လိုအပ်မည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွန့်ဖေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦး၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများ၊ COVID-19 ရောဂါကာကွယ်ဆေး ထိုးနှံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အနှစ်သာရဖြစ်ပြီး မိမိတို့ယခင်က အတန်းပညာ သင်ကြားစဉ်ကပင် အတန်းခေါင်းဆောင်ရွေးချယ်ခန့်ထားရာ၌ အများ၏ဆန္ဒဖြင့် ရွေးချယ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်ခြင်းသည် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်ခြင်းဖြစ်သဖြင့် ပိုမိုအရေးကြီးပါကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက် တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီ မကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကို လေ့လာပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် အောင်မြင်စွာလုပ်ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲပြီးနောက် သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် တိုးတက်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီမိုကရေစီစနစ်ကို စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်သဖြင့် ဒီမိုကရေစီစနစ်နှင့် ပတ်သက်၍ နားလည်သိရှိနိုင်ရန် လိုအပ်မှုများရှိခဲ့ပါကြောင်း။

လုပ်ဆောင်နိုင်ခြင်းမရှိ

၂၀၁၂ ခုနှစ်တွင် အတိုက်အခံပါတီအဖြစ်ရပ်တည်နေသော NLD ပါတီကို ရွေးကောက်ပွဲဝင်ရောက်နိုင်စေရေး ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပေးခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး ၅ နှစ်တာ သက်တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံတွင် ပြည်သူလူထု မျှော်လင့်ထားသည့် အတိုင်းအတာထိ ထိုက်သင့်သည့် တိုးတက်မှုများဖြစ်အောင် လုပ်ဆောင်နိုင်ခြင်းမရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ပါကြောင်း။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်ခဲ့ရာတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသဖြင့် တပ်မတော်က နည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့ကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့် စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေပါကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာကာ ယာယီသမ္မတ၏ လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏တာဝန်များကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း။

ထိုသို့ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် အချိုးကျဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်း၊ ယခင် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို စစ်ဆေးခဲ့ရာတွင်လည်း ၎င်းတို့၏ ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်မှုမရှိဘဲ သမ္မတ၏ ပြောဆိုမှုအတိုင်းသာ လုပ်ဆောင်နေရခြင်း ဖြစ်သည်ဟု ဖွင့်ဟပြောဆိုခဲ့ပြီး ထိုသို့ ပြောဆိုခဲ့မှု အခြေအနေများကိုလည်း သတင်းစာရှင်းလင်းပွဲများတွင် ထည့်သွင်းပြသခဲ့ပြီးဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံများတွင် မဲမသမာမှုပြုလုပ်ပြီး ရွေးကောက်ပွဲအနိုင်ရရန် လုပ်ဆောင်ခြင်းသည် မည်သည့်နိုင်ငံကမျှလက်ခံ၍ ရနိုင်မည်မဟုတ်သည့် လုပ်ရပ်ဖြစ်ပြီး ဒီမိုကရေစီကို ပြက်ရယ်ပြုစော်ကားခြင်းပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ကိုချမှတ်၍ ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို စာမျက်နှာ ၅ သို့ »»

☆ မကွေးတိုင်းဒေသကြီးတွင် ဆန်ဖူလုံမှု ၆၇ ရာခိုင်နှုန်းခန့်သာရှိပြီး ရသည့်ဝင်ငွေဖြင့် ပြင်ပမှ ဝယ်ယူစားသုံးမည်ဆိုပါက ဒေသတွင်းမှ ငွေကြေးများသည် ပြင်ပသို့ ရောက်ရှိသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်သောကြောင့် ဒေသတွင်း၌ အထွက်နှုန်းတိုးပွားအောင် လုပ်ဆောင်ကြရမည်

☆ အထွက်နှုန်းတိုးပွားအောင် စိုက်ပျိုးမြေကေ တိုးချဲ့စိုက်ပျိုးပါက မြေကေအတွက် အကုန်အကျများမည်ဖြစ်သဖြင့် အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် စိုက်ပျိုးရေးအသိပညာ ဗဟုသုတများတိုးပွားအောင် လုပ်ဆောင်ပေးကြရမည်

☆ ဒေသတွင်းထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာလျှင် ဒေသတွင်း ငွေကြေးကြွယ်ဝမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် ထိုမှတစ်ဆင့် တိုင်းပြည်ကို ကြွယ်ဝချမ်းသာလာစေနိုင်မည်

»» စာမျက်နှာ ၄ မှ
ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ COVID -19 ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများနှင့် ရောဂါကြောင့်ဖြစ်ပေါ်ထိခိုက်ခဲ့သည့် စီးပွားရေးကဏ္ဍကို ကုစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်၏ တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဆီဖူလုံမှု ၃၅၂ ရာခိုင်နှုန်း**

မကွေးတိုင်းဒေသကြီးသည် ဆီဖူလုံမှုရှိပြီး နိုင်ငံတော်၏ဆီအိုးကြီးဟု ပြောဆိုမှုများရှိကြပြီး ဆီဖူလုံမှု ၃၅၂ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရှိရပါကြောင်း၊ ဆီထွက်ရှိသည့် ဒေသဖြစ်သော်လည်း ဆီကြောင့်ဖြစ်ပွားသည့်ရောဂါများ ဖြစ်ပေါ်နေရခြင်းမှာ မိမိဒေသထွက် ပဲ၊ နှမ်းများကို ပြင်ပသို့ရောင်းချပြီး ပြင်ပမှဆီများကို ပြန်လည်ဝယ်စားနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ပြင် အချိုမှုန့်များစားသုံးခြင်း၊ မူးယစ်ဆေးများသုံးစွဲခြင်းတို့ကြောင့်လည်း ရောဂါဖြစ်ပွားမှုများကို ပိုမိုတိုးပွားစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပျမ်းမျှမျှော်မှန်းသက်တမ်းသည် ၆၇ နှစ်ရှိပြီး မကွေးတိုင်းသည် ပျမ်းမျှသက်တမ်းထက် နည်းပါးနေသည်ကို တွေ့ရှိရကြောင်း။

မကွေးတိုင်းဒေသကြီးတွင် ဆန်ဖူလုံမှု ၆၇ ရာခိုင်နှုန်းခန့်သာရှိပြီး ရသည့်ဝင်ငွေဖြင့် ပြင်ပမှ ဝယ်ယူစားသုံးမည် ဆိုပါက ဒေသတွင်းမှ ငွေကြေးများသည် ပြင်ပသို့ ရောက်ရှိသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်သောကြောင့် ဒေသတွင်း၌ အထွက်နှုန်းတိုးပွားအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အထွက်နှုန်းတိုးပွားအောင် စိုက်ပျိုး

☆ ဒေသထွက်ကုန်များကို ခေတ်မီသောထုပ်ပိုးမှုပုံစံများဖြင့် ကောင်းမွန်အောင် လုပ်ဆောင်၍ One Village One Product စနစ်ဖြင့် ဒေသမှ စံပြုထုတ်ကုန်တစ်မျိုးချင်းကို ဈေးကွက်ဝင်ရန် ကြိုးစားခြင်းဖြင့် တစ်ဖက်မှလည်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ လာရောက်ကြည့်ရှုလေ့လာသူများ ရရှိလာမည်

☆ ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်း ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး ဒေသတွင်းဝင်ငွေကို ကြွယ်ဝစေနိုင်ကာ ဒေသခံပြည်သူလူထု၏ လူနေမှုစနစ်ကို မြင့်မားလာစေမည်

☆ ဒေသတွင်းအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိဒေသကို မိမိတိုင်းပြည်ကို တိုးတက်ကောင်းမွန်စေလိုသည့်စိတ်ထား၍ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြစေလို

မြေဩဇာ တိုးချဲ့စိုက်ပျိုးပါက မြေဩဇာအတွက် အကုန်အကျများမည်ဖြစ်သဖြင့် အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် စိုက်ပျိုးရေးအသိပညာဗဟုသုတများတိုးပွားအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာလျှင် ဒေသတွင်း ငွေကြေးကြွယ်ဝမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ထိုမှတစ်ဆင့် တိုင်းပြည်ကို ကြွယ်ဝချမ်းသာလာစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရှိရမည်၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရမည်၊ ဆက်သွယ်မှုစနစ်ကောင်းမွန်ရန်နှင့် ကျန်းမာရေးနှင့် ပညာရေးစနစ်ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းတို့ရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းရရှိရန်အတွက် ကျန်းမာရေး၊ ပညာရေးတို့ကို အားပေးရမည်ဖြစ်ကြောင်း၊ ယခုအခါ COVID-19 ဖြစ်ပေါ်မှုကြောင့် ပိတ်ထားရသည့် ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၉၀ ရာခိုင်နှုန်းကျော် စာတတ်မြောက်သည်ဟု ကိန်းဂဏန်းများအရသိရှိရပြီး တတ်မြောက်မှုအများစုသည် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ပညာရေးသာဖြစ်ကြောင်း။

**စနစ်တကျဆောင်ရွက်**

မကွေးတိုင်းဒေသကြီးအတွင်း နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများ တွေ့ရှိရကြောင်း၊ အဓိကမှာ ရေလိုအပ်ချက်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေရရှိရန်အတွက် ဆိုလာစနစ်ကို အောင်မြင်အောင်ပြုလုပ်၍ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ကာ မြစ်ရေတင်စီမံကိန်းများကို အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပူပြင်းသည့် ရာသီဥတုဖြစ်နေခြင်းသည် ယခင်က သစ်ပင်စိုက်ပျိုးမှုမရှိဘဲ သစ်သယံဇာတကို အလွန်အကျွံထုတ်ယူသုံးစွဲခဲ့ခြင်းကြောင့်ဖြစ်သည်ကို နားလည်ရမည်ဖြစ်ပြီး နောင်လာနောက်သားတို့အတွက် မြော်တွေး၍ သစ်ပင်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး တစ်ပင်စိုက်လျှင် တစ်ပင်ရှင်သန်သည်အထိ စီမံခန့်ခွဲသူများက စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ဆောင်ကြသဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တို့ကို ရေရှည်စီမံကိန်းဖြင့် လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အောင်မြင်စေရန် မြေ၊ ရေ၊ နည်း၊ မျိုး တို့ကို ကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသို့ ဝေမျှပေးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတွင် အထွက်ကောင်းမွန်သည့်၊ ကျန်းမာသန့်ရှင်းသည့် မွေးမြူရေးစနစ်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

**ပြောကြား**

ထို့ပြင် ဒေသထွက်ကုန်များကို ခေတ်မီသောထုပ်ပိုးမှုပုံစံများဖြင့် ကောင်းမွန်အောင်လုပ်ဆောင်၍ One Village One Product စနစ်ဖြင့် ဒေသမှ စံပြုထုတ်ကုန်တစ်မျိုးချင်းကို ဈေးကွက်ဝင်ရန် ကြိုးစားခြင်းဖြင့် တစ်ဖက်မှလည်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ လာရောက်ကြည့်ရှုလေ့လာသူများ ရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်း ရောင်းဝယ်ရေးလုပ်ငန်းများဖွံ့ဖြိုးလာပြီး ဒေသတွင်း ဝင်ငွေကို ကြွယ်ဝစေနိုင်ကာ ဒေသခံပြည်သူလူထု၏ လူနေမှုစနစ်ကို မြင့်မားလာစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိဒေသကို၊ မိမိတိုင်းပြည်ကို တိုးတက်ကောင်းမွန်စေလိုသည့်စိတ်ထား၍ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွှန့်ဖေ မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မကွေးမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစဉ်။

❁ စာမျက်နှာ ၃ မှ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က စားသောက်ဖွယ်ရာများကိုပေးအပ်ရာ လေတပ်စခန်းဌာနချုပ်မှူးက လက်ခံရယူခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွှန့်ဖေသည် မကွေးတက္ကသိုလ်နှင့် မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ပညာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ COVID-19 ရောဂါဖြစ်ပေါ်မှုကြောင့် ကျောင်းများပိတ်ထားရသဖြင့် တိုင်းပြည်နစ်နာသည့် သာဓက မိဘများနှင့် ကာယကံရှင် ကျောင်းသား၊ ကျောင်းသူများပါ နစ်နာသဖြင့် မကြာမီတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် လိုအပ်သည်များကို တင်ပြတောင်းခံသွားရန် လိုအပ်သည့် အခြေအနေများ၊ လက်ရှိတွင် ဆရာ ဆရာမများကို အဆင့်မြှင့်တင်ရေးသင်တန်းများ ပို့ချပေးလျက်ရှိသည့် အခြေအနေများ၊ မိမိတို့တာဝန်ကျသည့် ကျေးရွာများ၌ လျှပ်စစ်မီးမရ၊ ရေမရသည့် နေရာများဖြစ်ပါက ဆိုလာစနစ်ဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရေး တင်ပြကြရန်နှင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

အလားတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည်လည်း မကွေးတိုင်းဒေသကြီးရှိ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူ့ဆေးရုံကြီးတို့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံ၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်ပေးသွားရန် လိုအပ်သည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြောင်းနှင့် အသစ်ထပ်မံဆောက်လုပ်ထားရှိသည့် ဆေးရုံသစ်ကြီးအား လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဘူမိဖသသမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁)အား ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

ဘူမိဖသသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် ထုဆစ်ပူဇော်မည့် ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများ စုစုပေါင်း ၁၆ ပိုင်းကို ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ၇ ခေါက်ခွဲ၍ ပင့်ဆောင်ရမည်ဖြစ်ပြီး ယခုအကြိမ်သည် ဆဋ္ဌမအကြိမ်မြောက် ပင့်ဆောင်ခြင်းဖြစ်

နေပြည်တော် မေ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖသသမုဒြာထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁)အား ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီး၌ ကျင်းပပြုလုပ်သည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဓမ္မိကာရာမကျောင်းတိုက် ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒနှင့် ငါန်းဇွန်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တ မာဏိတတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွန့်ဖေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်နိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရတနာပုံကျောင်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက မေတ္တာပို့ဂါထာတော်များဖြင့် ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဘူမိဖသသမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁)အား ရတနာပုံကျောင်းဆရာတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘူမိဖသသမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁)အား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။

ယင်းနောက် ဘူမိဖသသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁)အား ပင့်ဆောင်ရန်အတွက် ဥပါသကာများနှင့် ဝတ်အသင်းများ နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီး ဘူမိဖသသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ တန်ချိန် ၁၀၉၀ ရှိ ရုပ်ပွားတော်ကျောက်တုံးတော်ကြီး အပိုင်း(၁)နှင့် ၎င်းကျောက်တုံးတော်ကြီးအား သယ်ပိုးထမ်းဆောင်ထားသော သံမဏိသံငြမ်းစင် ၆၂ တန်၊ စုစုပေါင်းတန်ချိန် ၁၁၅၂ တန်ကို တင်ဆောင်ထားသည့် Modular Trailer များသည် မင်္ဂလာအချိန်တွင် နေပြည်တော်သို့ စတင် ပင့်ဆောင်ပူဇော်သည်ကို ရတနာပုံကျောင်းဆရာတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က လက်ဆယ်ဖြာ ဦးထိပ်ထား၍ ကြည်ညိုကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အဆိုပါ ဘူမိဖသသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် ထုဆစ်ပူဇော်မည့် ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများ စုစုပေါင်း ၁၆ ပိုင်းကို ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ခုနစ်ခေါက်ခွဲ၍ ပင့်ဆောင်ရမည်ဖြစ်ပြီး ယခုအကြိမ်သည် ဆဋ္ဌမအကြိမ်မြောက် ပင့်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

### ဆွေးနွေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် Angelo Mining Company မှ စကျင်ကျောက်တော်ကြီးအလှူရှင် ဦးအောင်နိုင်သန်း၊ မန္တလေးမြို့သာစက်မှုဇုန်စီမံကိန်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ရောဝတီမြစ်ရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးတို့နှင့် ပတ်သက်၍ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ မကွေးမြို့ကျက်သရေဆောင် မကွေးမြသလွန်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူကြသည်။

### ဖူးမြော်ကြည်ညို

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ထို့နောက် ဘက်စုံအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး မွေ့လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား လာရောက်ဖူးမြော်ကြည်ညိုနေကြသည့် ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် အထက်စက်တော်ရာသို့ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ တက်ရောက်ဖူးမြော်နိုင်ရေး ခေတ်လှေကား တည်ဆောက်နေမှုအခြေအနေများအား ယခုနှစ် ဘုရားပွဲတော်အမီ ပြီးစီးအောင် တည်ဆောက်နိုင်ရေးနှင့် ဘုရားပရိဝုဏ်သန့်ရှင်းသာယာလှပမှုရှိစေရေးတို့နှင့် ပတ်သက်၍ ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူစဉ်။

အဆိုပါ မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား သဘာဝဘေးအန္တရာယ် ဒဏ်ခံနိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဘုရားဖူးလာပြည်သူများ ရာသီမရွေး လာရောက်ဖူးမြော်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြီးမှူး၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အမြင့် ၅ ပေ၊ အထု ၃ လက်မ၊ အလေးချိန် ၃ တန်ရှိ အလင်းပေါက်ဖန်အုပ်ဆောင်းကို လှူဒါန်းပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်းနှင့် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်သည် COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း၊ မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ် ပြောဆိုခဲ့ကြောင်း၊ မြိတ်မြို့နယ်တွင် မဲမသမာမှုပေါင်း ၅ သောင်းကျော်နှင့် ကျွန်းစုမြို့နယ်တွင် မဲမသမာမှုပေါင်း ၃ သောင်းကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်း ကျော် ရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများ ကြည့်ရှုစစ်ဆေး




နေပြည်တော် မေ ၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ မေ ၃ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့စာတိုက်လုပ်ငန်း၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းများကိုလည်းကောင်း၊ ယနေ့တွင် မြန်မာ့မီးရထား၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းဆက်သွယ်ရေး ရေဒီယိုစခန်း၊ သန်လျင်ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းနှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လမ်းညွှန်မှာကြား

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ဌာနအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံရာ ဌာနအကြီးအကဲများက ဌာနများ၏ သမိုင်းအကျဉ်း၊ မူဝါဒ၊ မျှော်မှန်းချက်နှင့် ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းခန့်ထားမှုအခြေအနေများ၊ ဘတ်ဂျက်ရရှိမှု၊ ဝင်ငွေအသုံးစရိတ်များ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ၊ ဝင်ငွေရရှိရေး ကြိုးပမ်းဆောင်ရွက်မှု၊ ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ဆောင်ရွက်ထားမှုအခြေအနေများကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ဌာနများမှဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွေးကောက်ပွဲ၏ မဲစာရင်းရှုပ်ထွေးမှု၊ ကွဲလွဲမှုများကြောင့် ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်း မရှိသည့်အတွက် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ထုတ်ပြန်၍ နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထိန်းသိမ်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နေ့စဉ်နှင့်အမျှ မဲကွဲလွဲမှုများကို အသစ်ဖွဲ့စည်းပေးထားသော ရွေးကောက်ပွဲကော်မရှင်က စစ်ဆေး၍ တွေ့ရှိချက်များကို အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာ့ရုပ်မြင်သံကြားသတင်း၊ နေ့စဉ်ထုတ်သတင်းစာများ၊ သတင်းဌာနများမှ အသိပေးလျက်ရှိကြောင်း။

သွေးထိုးလှုံ့ဆော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ထိန်းသိမ်းမှုအပေါ် မကျေနပ်၍ အေးချမ်းစွာ ဆန္ဒပြနေရာမှ မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူဆန္ဒပြမှုများမှ တစ်ဆင့် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ မြို့၊ ရွာ၊ ရုံး၊ အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အရပ်သား အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လူအရှင်လတ်လတ်ကို မီးရှို့သတ်ဖြတ်ခြင်း၊ ဆန္ဒပြမှုများတွင် ပါဝင်ခြင်းမရှိသူများကို ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်လာပြီး ဝန်ထမ်းများပါ ဆန္ဒပြမှုများတွင် ပါဝင်လာအောင် သွေးထိုးလှုံ့ဆော် ဆောင်ရွက်ခဲ့သဖြင့် ဝန်ထမ်းများအနေဖြင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ရထားလမ်းများတွင် ရထားပြေးဆွဲရာ၌ အန္တရာယ်ဖြစ်အောင် ရထားလမ်းပေါ် အတားအဆီးများချခြင်း၊ သံလမ်းများပေါ်တွင် ကွန်ကရစ်လောင်းခြင်း၊ သံလမ်းဆက်များ ဖြုတ်ထားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း။

ပြည်သူများ သေကျေထိခိုက်စေရေးအတွက် အဖျက်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ အချို့နိုင်ငံများတွင် ဆန္ဒပြဆူပူမှုများ ရှိသော်လည်း နိုင်ငံပိုင်ပစ္စည်းများ ဖျက်ဆီးခြင်း၊ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်အောင် ပြုလုပ်ခြင်းများ မရှိကြောင်း၊ အဆိုပါ ဆူပူဆန္ဒပြမှုများ၊ အဖျက်လုပ်ငန်းများတွင် အချို့ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်၏သစ္စာကို စောင့်သိရှိသေပြီး နိုင်ငံ့ဝန်ထမ်းများ ပီသစွာဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းအောင်နေထိုင်၍ အမိန့်နှင့်တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်မရ၍ ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများကို ဌာနမှ တာဝန်ရှိသူများအနေဖြင့် ဌာနအတွက် တန်ဖိုးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် သတ်မှတ်ပြီး လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်စေရေး စည်းရုံးဆွဲဆောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် မိမိဌာန၏လုပ်ငန်းများ ရပ်တန့်မှုမဖြစ်စေရေး၊ လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်ကိုလည်းကောင်း၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းရုံးဝင်းအတွင်း တန် ၁၂၀၀၀ လွှန်းကျင်း၊ ဖက်စပ်လုပ်ငန်းဖြင့် သင်္ဘောတည်ဆောက်နေမှုများကို လည်းကောင်း၊ မြန်မာ့မီးရထားရောက်ရှိချိန်၌ ရန်ကုန်မှ နေပြည်တော်သို့ နံနက် ၈ နာရီတွင် ရန်ကုန်ဘူတာကြီးမှ ထွက်ခွာသော အမှတ်(၇)အဆန် လူစီးအမြန်ရထား စတင်ပြန်လည်ပြေးဆွဲမှုကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ရေဒီယိုစခန်းနှင့် သန်လျင်ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဝင်းအတွင်း စာသင်ခန်းများ၊ အဆောက်အဦများ၊ လက်တွေ့သင်ထောက်ကူပစ္စည်းများကို လည်းကောင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံပြသခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆူပူအုံကြွမှုများကို နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ဖယ်ရှားရမည်သာ ...

ရွှေမှန်ထော်လေး

R2P ဗီနိုင်းလေးကိုင်ပြီး လမ်းပေါ်တက်နေတဲ့ ၁၀ နှစ်အရွယ် မရှိတရှိ ကလေးတစ်စုရဲ့ပုံကို လူမှုမီဒီယာမှာ တွေ့မြင်ရသည်မှာ စိတ်မကောင်းဖွယ်။ နိုင်ငံရေးအသုံးအနှုန်းတွေ အော်အော်ဆိုပြီး လက်ကလေး သုံးချောင်းထောင်နေရတဲ့ ကလေးတွေအတွက် ရင်နင့်စရာ။ အကြမ်းဖက်ဆူပူတိုက်ခိုက်မှု ဖြစ်စဉ်တွေကြားမှာ ဘယ်သူ ဘယ်လို ပစ်လို့မှန်းမသိဘဲ ကလေးငယ်အချို့ သေဆုံးမှုရှိတယ်လို့ သိရတဲ့အခါ ရင်ဖိပြီး အမယ်လေးတမိပါတယ်။

ကလေးက နိုင်ငံရေးဆိုတာ ဘာလဲ သိမယ်မထင်ပါ။ ဒီကလေးတွေက R2P က ဘာဆိုတာ သိဖို့ ဝေလာဝေး နိုင်ငံရေးဆိုတာ၊ ဒီမိုကရေစီဆိုတာ ဘာမှန်းတောင်မသိသေးတဲ့ အပြစ်ကင်းတဲ့ ကလေးငယ်တွေပါ။ နိုင်ငံရေးမှာ တိုက်ဆိုင်မှု မရှိဘူးလို့ ဆိုကြတဲ့အတွက် အခုကလေးငယ်တွေ သေဆုံးမှုဟာလည်း သွေးကွဲစေမယ့် နိုင်ငံရေး မှိုင်းလုံးတွေသာ။ ကလေးတွေကို အသုံးချရဲတဲ့ နိုင်ငံရေး မှိုင်းလုံးတွေကကြောက်စရာ။ အခုတော့ အပြစ်ကင်းတဲ့ ကလေးတွေပါ စတေးခံ နိုင်ငံရေးသားကောင် ဖြစ်နေပေပြီ။

ဒီမိုကရေစီလမ်းကို ဒီလိုပုံစံမျိုးတွေနဲ့ လျှောက်ချင်တာလားလို့ အကြမ်းဖက်ဆူပူမှုတွေ ဖြစ်လာအောင် ဖန်တီးသူတွေ၊ လှုံ့ဆော်သူတွေကို ဆိုချင်ပါတယ်။ ဒီလို မတည်မငြိမ်၊ မအေးချမ်းတဲ့ နိုင်ငံရေး

**ဒီမိုကရေစီလမ်းကို ဒီလိုပုံစံမျိုးတွေနဲ့ လျှောက်ချင်တာလားလို့ အကြမ်းဖက်ဆူပူမှုတွေဖြစ်လာအောင် ဖန်တီးသူတွေ၊ လှုံ့ဆော်သူတွေကို ဆိုချင်ပါတယ်။ ဒီလို မတည်မငြိမ်၊ မအေးချမ်းတဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို ဒီမိုကရေစီကြိုးပမ်းမှုလို့ ခေါင်းစဉ်တပ်သူ နိုင်ငံရေးသမားတွေကိုလည်း ပြည်သူတွေဘက် တစ်ချက်ငဲ့ကြည့်စေချင်ပါတယ်။ နိုင်ငံရေးအတွက် အသုံးချတဲ့သဘော ဆောင်နေပါတယ်။ အကြမ်းဖက်မှုဆီသာ ဦးတည်ထားတဲ့ လုပ်ရပ်တွေထဲ ကလေးတွေပါလာစေတယ်။ လူငယ်တွေ ပါလာစေတယ်။**

ဖြစ်စဉ်တွေကို ဒီမိုကရေစီကြိုးပမ်းမှုလို့ ခေါင်းစဉ်တပ်သူ နိုင်ငံရေးသမားတွေကိုလည်း ပြည်သူတွေဘက် တစ်ချက်ငဲ့ကြည့်စေချင်ပါတယ်။ နိုင်ငံရေးအတွက် အသုံးချတဲ့ သဘောဆောင်နေပါတယ်။ အကြမ်းဖက်မှုဆီသာ ဦးတည်ထားတဲ့ လုပ်ရပ်တွေထဲ ကလေးတွေ ပါလာစေတယ်။ လူငယ်တွေ ပါလာစေတယ်။

လူငယ်တွေဆိုလည်း ဆူဆူပူပူ အကြမ်းဖက်မှုတွေ ဖြစ်စေဖို့ ဦးဆောင်စေပြီး လမ်းပေါ်မှာ လူငယ်တွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ထိပ်တိုက်တွေ့မှုတွေကြောင့် သေဆုံးမှုတွေ ရှိလာတဲ့အခါမှ သေဆုံးသူ လူငယ်တွေကို သူရဲကောင်းလိုလို၊ အာဇာနည်လိုလို ကင်းပွန်းတပ်ခံရတဲ့ ဖြစ်ရပ်တွေက များလာခဲ့ပါပြီ။ ဒီလို နိုင်ငံရေးအောက်လုံးတွေကြောင့် ပြည်သူတွေပဲ ဒုက္ခရောက်ရတာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေစာအုပ်တွေ မီးရှို့ကြ၊ ရုံးတက်တဲ့သူတွေကို သစ္စာဖောက်ဆိုကာ ဆဲကြဆိုကြ၊ ထဘီအလံလွှင့်ကြ၊ လမ်းတွေ ဖျက်ဆီးကြနဲ့၊ လမ်းတွေပေါ် အမှိုက်တွေ ပစ်ကြ၊ ဘဏ်တွေ မဖွင့်နိုင်အောင် ခြိမ်းခြောက်ကြနဲ့ နည်းလမ်းမျိုးစုံပင်။

ဒါ့အပြင် CDM မလုပ်တဲ့သူတွေကို နည်းမျိုးစုံနဲ့ ခြိမ်းခြောက်အကျပ်ကိုင်၊ လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် အရှက်ခွဲတာတွေအပြင် သံပုံးမတီးတဲ့ အကြောင်းအရာအပေါ် အခြေတည်ပြီးတော့

ဒီလို အခြေအနေတွေနဲ့ အေးအေးချမ်းချမ်း နေလိုတဲ့ ပြည်သူတွေ ဒုက္ခရောက်အောင် ကြံဆောင်နေသလိုပင်။ ဒီလို စည်းကမ်းမဲ့တဲ့ စရိုက်ဆန်ဆန် ပြုမူမှုကြောင့် အကျိုးရှိလာမယ့် ပြည်သူတွေရယ်လို့ ရှိမလာနိုင်ပါ။ စိတ်အနှောင့်အယှက်ဖြစ်မှုသာ အဖတ်တင်မှာ ဖြစ်ပါတယ်။

ဆူပူဆန္ဒပြမှုတွေ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေတဲ့ နေရာတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေမှာလည်း သတင်းပေး၊ ဒလန် စွပ်စွဲခံရမှာကို ကြောက်လို့ ကိုယ့်စိတ်ဆန္ဒမပါလည်း ဆန္ဒပြရာ လိုက်ပါရတာတွေ၊ ညကင်းအလှည့်ကျ စောင့်ရတာတွေနဲ့ စိုးတထိတ်ထိတ်နဲ့သာ။ ဆန္ဒပြရာလိုက်လို့ အဓိကရုဏ်းနှိမ်နင်းမှုနဲ့ ကြုံမှာစိုးတာ တစ်မျိုး၊ အိမ်ထဲနေတော့ ဒလန်ဆိုမှာစိုးတာတစ်ဖုံနဲ့ မအေးချမ်းရပါ။

အကြမ်းဖက်သူတွေရဲ့ ပုန်ကန်မှု ရည်ရွယ်ချက်ကတော့ အစိုးရယန္တရား ရပ်တန့်ရေးပင်။ ဒီအတွက် အကြောင်းအမျိုးမျိုးရှာ သွေးထိုးလှုံ့ဆော်မှုတွေကမရိုးရပါ။ အကျိုးဆက်ကတော့ ပြည်သူအချင်းချင်း ယုံကြည်မှု လျော့ရဲလာတဲ့ အခြေအနေရှိလာပါပြီ။ ယုံကြည်မှုနည်းလာတော့ မြို့၊ ရွာ၊ ရပ်ကွက်ထဲ အချင်းချင်း စနောက်စကားမဆိုရဲတဲ့ အခြေအနေ။ ကိုယ်စလိုက်တာက သွေးရိုးသားရိုး။ ဒါပေမယ့် ဒလန်ထင်ပြီး ဒုက္ခရောက်မှာကြောက်လို့ ခင်မင်သူ



ဆူပူဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့က ဖြိုခွဲထိန်းသိမ်းစဉ်။

အကြမ်းဖက် သတ်ဖြတ်မှုတွေ၊ ဒလန်လို့ စွပ်စွဲပြီး အကြမ်းဖက်မှုတွေ ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီလို မင်းမဲ့စရိုက်ဆန်ဆန် အပြုအမူတွေကို သပိတ်ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ဆက်လက်လုပ်ဆောင်နေကြဆဲ။

အချင်းချင်းတောင် ဖွင့်ဟစကားမဆိုရဲတဲ့ အခြေအနေ။ ရပ်ထဲရွာထဲသာမက လူမှုကွန်ရက်ပေါ်မှာလည်း အုပ်စုခွဲမှုတွေရှိလာပါတယ်။ အမုန်းစကား ပြောဆိုမှုတွေ ရှိလာပါတယ်။

ဒီလို အခြေအနေအမျိုးမျိုးကို ဖန်တီးကာ ပြည်သူတွေ စိတ်ဝမ်းကွဲပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ နိုင်ငံအေးချမ်းမှုမရှိအောင်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အမြင်မှား ထင်မြင်အောင်၊ နိုင်ငံ့ဝန်ထမ်းတွေ ပြည်သူကို ဝန်ဆောင်မှုမပေးနိုင်အောင် ရည်ရွယ်ပြီးတော့ အမျိုးမျိုးလုပ်ဆောင်ခဲ့တဲ့ သူတို့ရဲ့လုပ်ရပ်တွေကိုတော့ နိုင်ငံတကာ သိအောင် ဓာတ်စုံခင်းမပြကြ၊ စင်တင်မပြကြ။

ဒီလို လမ်းပေါ်မှာ ဒီမိုကရေစီနဲ့ မညီတာတွေ လုပ်နေတဲ့ အကြမ်းဖက်အုပ်စုတွေဟာ နိုင်ငံတကာကို တရစပ်တောင်းဆိုနေတာက ဒီမိုကရေစီပင်။ ပြည်သူချင်းတောင် စိတ်အနှောင့်အယှက် ဖြစ်စေတဲ့ လုပ်ရပ်အမျိုးမျိုးကို ဖန်တီးလုပ်ဆောင်နေပေမယ့် နိုင်ငံတကာကို ဖွင့်ဆိုတာကတော့ ဒီမိုကရေစီကြိုးပမ်းမှု၊ ဒီအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြနေတာကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပစ်ခတ်နေပါတယ်လို့ လိုရာဆွဲပြီးတော့သာ ပုံဖော်ပြခဲ့ပါတယ်။

သေနတ်အစစ်တွေ၊ လေသေနတ်တွေ၊ လက်လုပ်သေနတ်တွေ၊ လက်လုပ်ဗုံးတွေ၊ ဂျင်ကလိတွေ၊ မီးပုလင်းတွေ၊ ဓား၊ လုံလက်နက်တွေနဲ့ စတင်ရန်ပြုတိုက်ခိုက်တာ၊ အပြစ်မဲ့ပြည်သူတွေကို ဒလန်၊ သတင်းပေးဆိုကာ ရန်ပြုတိုက်ခိုက်တာတွေ လုပ်ဆောင်ပြီး အပြစ်မဲ့ချင်ယောင်ဆောင်နေတာက အံ့ဩဖွယ်ရာ။

တစ်နည်းအနေနဲ့ ပြည်သူတွေကြားမှာ သတင်းမှားတွေပျံ့နှံ့အောင် လုပ်တဲ့သူကလုပ်။ စစ်ဖြစ်တော့မှာမို့ ဆန်၊ ဆီ၊ ဆားဝယ်ထားဖို့ ဆိုသူကဆို၊ R2P ဝင်လာတော့မယ် ပြောသူကပြော၊ ဖက်ဒရယ်အာမီတပ်ကြီးလာတော့မယ်လို့ သတင်းပေးသူကပေးနဲ့ မရေရာတာတွေ၊ ယုတ္တိမတန်တာတွေနဲ့ ပြည်သူကို မှိုင်းတိုက်နေကြဆဲ။

ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံရဲ့ တည်ရှိမှုကို သိရှိစေလိုပါတယ်။ နိုင်ငံတစ်နိုင်ငံဆိုတာ အာဏာပိုင်အစိုးရ၊ နိုင်ငံသား၊ နယ်မြေပိုင်နက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း ဥပဒေ၊ တပ်မတော် စတဲ့ ဝိသေသ ငါးရပ်ရှိပါတယ်။ ဒီလိုတည်ရှိနေတဲ့ နိုင်ငံကို ဝင်ချင်သလိုဝင်၊

စာမျက်နှာ ၉ သို့ ○

✧ **ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံရဲ့ တည်ရှိမှုကို သိရှိစေလိုပါတယ်။ နိုင်ငံတစ်နိုင်ငံဆိုတာ အာဏာပိုင်အစိုးရ၊ နိုင်ငံသား၊ နယ်မြေပိုင်နက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း ဥပဒေ၊ တပ်မတော် စတဲ့ ဝိသေသ ငါးရပ်ရှိပါတယ်။ ဒီလိုတည်ရှိနေတဲ့ နိုင်ငံကို ဝင်ချင်သလို ဝင်၊ ထွက်ချင်သလို ထွက်လို့ မရပါ။ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးရာကို အလွယ်တကူ ဝင်စွက်ခွင့်မရှိပါ။ နိုင်ငံအချင်းချင်း စောင့်စည်းရမယ့် စည်းမျဉ်းတွေ ရှိပါတယ်။ ဒီလိုပဲ နိုင်ငံတိုင်းမှာ နိုင်ငံသားတွေ လိုက်နာစောင့်စည်းရမယ့် တာဝန်တွေလည်း ရှိပြီးသားပါ။ ဒါတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) မှာ ဖော်ပြထားပြီးသား ဖြစ်ပါတယ်။**

✧ **ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ဆန္ဒထုတ်ဖော်ခြင်း၊ ဆန္ဒပြခြင်းဆိုတာ ပြည်သူတွေရဲ့ အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း နိုင်ငံသားတွေ လိုက်နာစောင့်စည်းရမယ့် တာဝန်တွေကိုလည်း ကျော်လွန်လို့ မရပါ။ ပြည်သူတွေ အချင်းချင်း မညီမညွတ်ဖြစ်အောင်၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာ ပျက်စီးအောင်၊ နိုင်ငံအေးချမ်းမှုမရှိအောင် ဆူပူအုံကြွမှုတွေနဲ့ ပုန်ကန်မှုတွေ မဖြစ်ဖြစ်အောင် ဖန်တီးပြုလုပ်တာကိုတော့ ပစ်ပယ်ထားလို့ မရပါ၊ လျစ်လျူရှုလို့ မရပါ။ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ဖယ်ရှားရမည်သာ။**

# ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှု ကြုံရပါက တိုင်ကြားနိုင်မည့် Consumer Call Center တည်ဆောက်သွားမည်

နေပြည်တော် မေ ၄

ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှု ကြုံရပါက စားသုံးသူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ အလွယ်တကူ ဆက်သွယ်တိုင်ကြားနိုင်ရန် စားသုံးသူများအလွယ်တကူ ဆက်သွယ်နိုင်မည့်စင်တာ (Consumer Call Center) ကို ၂၀၂၂ ခုနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါစင်တာသို့ စားသုံးသူပြည်သူများအနေဖြင့် ဆက်သွယ်ရာတွင် အလွယ်တကူ မှတ်သားဆက်သွယ်နိုင်စေရန်အတွက် ဂဏန်းလေးလုံးပါ ဖုန်းနံပါတ်(four digit number) အသုံးပြုနိုင်ရေးအတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Telecommunication Services Provider များသို့ ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(CICC) သို့ ၂၀၂၀-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဒီဇင်ဘာအတွင်း တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များမှ တိုင်ကြားမှု စုစုပေါင်း ၅၂၂ ခု ရှိကြောင်း သိရသည်။

"CICC ကို တိုင်ကြားမှု စုစုပေါင်း ၂၅၃ ခုထဲက ၂၅၃ ခုကို ဖြေရှင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဖြေရှင်းဆောင်ရွက်ဆဲကတော့ ၂၆၈ ခုရှိပါတယ်။ အခုဆိုရင် စားသုံးသူပြည်သူတွေ ပိုပြီးအဆင်ပြေစေဖို့ ဂဏန်းလေးလုံးပါ ဖုန်းနံပါတ်ကို နှိပ်ပြီး အလွယ်တကူတိုင်ကြားနိုင်တဲ့ Consumer Call Center ကိုလည်း ဆောင်ရွက်နေပါပြီ" ဟု စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် Consumer Call Center အား နေပြည်တော်၌ Main Site အဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတို့၌ Client Site အဖြစ်လည်းကောင်း စတင် ထူထောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

Consumer Call Center တွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် Consumer Call Center Device များ စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်စေရန် ရည်ရွယ်၍ Call Center User Training သင်တန်းကို နေပြည်တော်၌ ဖေဖော်ဝါရီလအတွင်းက ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။ ကေကေ

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများအား ကြည့်ရှု



နေပြည်တော် မေ ၄

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝင်းတင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကော်မတီအတွင်းရေးမှူး၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် မြန်မာ့စက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာဆိပ်ကမ်း အစည်းအဝေးခန်းမများ၌ ဆိပ်ကမ်းတာဝန်ရှိသူများက ဆိပ်ကမ်းဆိုင်ရာ အချက်အလက်များ၊ ဆိပ်ကမ်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များမှာကြားပြီး နိုင်ငံခြားသင်္ဘောပေါ်သို့ ကုန်သေတ္တာ အတင်/အချ ဆောင်ရွက်နေမှုများ၊ ကုန်သေတ္တာများ X-ray ဖြင့် ဖြတ်သန်းစစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေးကာ မကြာမီ ကျရောက်မည့် သင်္ကြန်ရုံးပိတ်ရက်များတွင် ဆိပ်ကမ်းနှင့် အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သေတ္တာ ထုတ်/သွင်းခြင်းကိစ္စရပ်များကို ပုံမှန်အတိုင်း ဝန်ဆောင်မှုများပေးနိုင်ရေး မှာကြားသည်။

သတင်းစဉ်

# ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ

နေပြည်တော် မေ ၄

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြပွဲစတုတ္ထနေ့တွင် ရတနာကုန်သည်များက မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ရှိ ကျောက်မျက်အရိုင်းတွဲများအားလည်းကောင်း၊ ခန်းမအပြင်သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအားလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းသည့်ဈေးနှုန်းအဆိုပြုလွှာများကို သတ်မှတ်ရက်များတွင် ဖွင့်ဖောက်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲ ဒုတိယနေ့နှင့် တတိယနေ့တို့တွင် ပုလဲအတွဲပေါင်း ၃၁၇ တွဲ ပြသရောင်းချခဲ့ရာ ပုလဲအတွဲအားလုံးကို ရောင်းချခဲ့ရကြောင်း သိရသည်။

ကျောက်စိမ်းအတွဲ ၂၁၄၈ တွဲနှင့် ကျောက်မျက် ၁၉၉ တွဲအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်းရတနာကုန်သည်များကို မေ ၁၀ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်သည်။

သတင်းစဉ်



○ စာမျက်နှာ ၈ မှ

ထွက်ချင်သလို ထွက်လို့မရပါ။ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးရာကို အလွယ်တကူ ဝင်စွက်ခွင့်မရှိပါ။ နိုင်ငံအချင်းချင်း စောင့်စည်းရမယ့် စည်းမျဉ်းတွေရှိပါတယ်။ ဒီလိုပဲ နိုင်ငံတိုင်းမှာ နိုင်ငံသားတွေလိုက်နာစောင့်စည်းရမယ့် တာဝန်တွေလည်း ရှိပြီးသားပါ။ ဒါတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)မှာ ဖော်ပြထားပြီးသား ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ဆန္ဒထုတ်ဖော်ခြင်း၊ ဆန္ဒပြခြင်းဆိုတာ ပြည်သူတွေရဲ့ အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း နိုင်ငံသားတွေ လိုက်နာစောင့်စည်းရမယ့် တာဝန်တွေကိုလည်း ကျော်လွန်လို့မရပါ။ ပြည်သူတွေ အချင်းချင်း မညီမညွတ်ဖြစ်အောင်၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာ ပျက်စီးအောင်၊ နိုင်ငံအေးချမ်းမှုမရှိအောင် ဆူပူအုံကြွမှုတွေနဲ့ ပုန်ကန်မှုတွေ မဖြစ်ဖြစ်အောင် ဖန်တီးပြုလုပ်တာကိုတော့ ပစ်ပယ်ထားလို့ မရပါ၊ လျစ်လျူရှုလို့မရပါ။ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ဖယ်ရှားရမည်သာ။

**ဒီလို လမ်းပေါ်မှာ ဒီမိုကရေစီနဲ့ မညီတာတွေလုပ်နေတဲ့ အကြမ်းဖက်အုပ်စုတွေဟာ နိုင်ငံတကာကို တရစပ်တောင်းဆိုနေတာက ဒီမိုကရေစီပင်။ ပြည်သူချင်းတောင် စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ လုပ်ရပ်အမျိုးမျိုးကို ဖန်တီးလုပ်ဆောင်နေပေမယ့် နိုင်ငံတကာကို ဖွင့်ဆိုတာကတော့ ဒီမိုကရေစီကြိုးပမ်းမှု၊ ဒီအတွက် ငြိမ်းချမ်းစွာဆန္ဒပြနေတာကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပစ်ခတ်နေပါတယ်လို့ လိုရာဆွဲပြီးတော့သာ ပုံဖော်ပြခဲ့ပါတယ်။**

လက်ရှိမှာလည်း တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးကို ဦးတည်ပြီး ဒုစရိုက်မှုကျူးလွန်သူတွေ၊ အကြမ်းဖက်သူတွေ၊ ဥပဒေချိုးဖောက်သူတွေကို ဖော်ထုတ်ဖမ်းဆီး အရေးယူမှုတွေ ရှိနေပါပြီ။ ထပ်ပြီးတော့လည်း နောက်ကွယ်က လှုံ့ဆော်ခဲ့သူတွေ၊ အားပေးခဲ့သူတွေ ဒီလိုသူတွေကိုလည်း ဖော်ထုတ်အရေးယူဖို့ သက်ဆိုင်ရာက ကြိုးပမ်းလျက်ရှိပါတယ်။

ပြည်သူတွေဘက်ကလည်း တစ်ဖက်သတ်မြှောက်ပင့်သွေးထိုးမှုတွေ၊ နိုင်ငံရေး အောက်လုံးတွေကို သိရှိရှောင်ရှားနိုင်ဖို့၊ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ဖယ်ရှားနိုင်ဖို့အတွက် အသိတရား၊ အရှိတရား လက်ကိုင်ထားရမှာ ဖြစ်ပါတယ်။ ဒီလိုပဲ ယနေ့နိုင်ငံတော်ရဲ့ အခြေအနေ၊ အဖြစ်မှန်က ဘယ်အရာ၊ လက်ရှိ တာဝန်ယူတဲ့သူတွေက ဘာတွေလုပ်ပေးနေသလဲ၊ ဘယ်လိုတာဝန်ခံသလဲ ဆိုတာတွေကိုလည်း သိရှိအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ဒါမှသာ ပကတိတရားကို အခြေခံထားတဲ့ အခြေအနေမှန်ကို သိရှိနိုင်မှာဖြစ်ပါတယ်။

# တိုင်းပြည်အတွက် အသက်ပေးသွားသည့် အညတရရဲဘော် သို့မဟုတ် အောင်ဆန်းသူရိယလှသောင်း


ကြည်သော်ဇင်

တပ်မတော်သားတွေ စစ်မြေပြင်မှာ ကျဆုံးသွားတာဟာ မထူးဆန်းပါဘူး။

စစ်သည်တိုင်းဟာ သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင် တစစ်တမက် ကိုယ်နှင့် သက်ကို နှင်းဆက်တိုက်ခဲ့ကြသူတွေဖြစ်နေလို့ပါ။ တိုင်းပြည်အတွက် တကယ့်ကို အရေးပေါ်ကာလ ကိုယ့်အသက်အန္တရာယ် ကြီးကြီးမားမားကြုံရမယ်ဆိုတာကို သိနေတဲ့ အလွန်ခက်ခဲတဲ့အခြေအနေမှာ မိမိရဲ့အသက်ကိုအလျဉ်းမငဲ့ကွက်ဘဲ ကျရောက်တဲ့တာဝန်ဝတ္တရားကို မိုက်ရူးရဲမဟုတ်တဲ့ အသိဉာဏ်နဲ့ယှဉ်ပြီး သင်ယူခဲ့တဲ့ စစ်ပညာတွေနဲ့ အသက်ကိုစတေးကာ စစ်ပွဲအခြေအနေကို မိမိတို့ဘက် ချိန်ခွင်လျှာသာလာစေဖို့ နိုင်မြဲတဲ့စိတ်နဲ့ ထူးကဲကောင်းမွန်စွာ ဆောင်ရွက်တဲ့သူကိုတော့ သူရသတ္တိနဲ့ ဆောင်ရွက်မှုတွေအတွက် အဆင့်အတန်းအမြင့်ဆုံး စွမ်းရည်ဘွဲ့ တစ်ခုကို ချီးမြှင့်လေ့ရှိပါတယ်။ အဲဒါကတော့ "အောင်ဆန်းသူရိယ"ဘွဲ့ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အောင်ဆန်းသူရိယဘွဲ့ရရှိတဲ့သူ ခြောက်ဦးသာရှိပြီး အဲဒီခြောက်ဦးအနက် အောင်ဆန်းသူရိယ လှသောင်းဆိုတဲ့ ရဲဘော်လေးတစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။ ဘရင်းဂန်းနာ ရဲဘော်လှသောင်းဟာ လက်စွဲတော်ဘရင်းဂန်းတစ်လက်နဲ့ တပ်ရင်းမှူးအပါအဝင် ရှေ့တန်းခံစစ်မျဉ်းက စစ်သည်တွေကို အခြားခံစစ်ကြောင်းတစ်ခုရောက်အောင် ပြောင်းရွှေ့ဆုတ်ခွာဖို့အတွက် တစ်ဦးတည်းချန်နေခဲ့ပြီး ခုခံကာကွယ်ပေးခဲ့တဲ့သူပါ။ အကယ်၍ အဲဒီနေ့ကသာ များပြားတဲ့ ရန်သူအင်အားတွေဟာ အရှေ့ကိုမြန်မြန်ဆန်ဆန် တိုးခွင့်ရခဲ့မယ်ဆိုရင် တိုင်းပြည်ရဲ့သမိုင်းစာမျက်နှာဟာ ပြောင်းလဲချင်ပြောင်းလဲသွားနိုင်ပါလိမ့်မယ်။




**သူနဲ့အတူ ကျဆုံးသွားတဲ့ ရဲဘော်တွေအတွက် အဲဒီနေရာမှာ လွမ်းစေတီလေးတည်ထားတဲ့ မြင်ကွင်းဟာ စာချစ်သူများကို မပြောမီက လွမ်းနှင့်အောင် စာရေးဆရာက ဆွဲဆောင်ပြီး စာအုပ်ကို ဖွင့်ထားပါတယ်။**

စာချစ်သူများကို ဒီတစ်ပတ်မှာ ညွှန်းဆိုလိုတဲ့စာအုပ်အမည်က တပ်ကြပ်မောင်ထူး ရေးသားတဲ့ အောင်ဆန်းသူရိယလှသောင်း အမည်ရှိတဲ့ စာအုပ်ပဲဖြစ်ပါတယ်။

၁၉၇၆ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့စာအုပ်ဖြစ်ပြီး စိတ်ကူးချိုချိုအနုပညာမှ ၂၀၀၈ ခုနှစ်မှာ ပြန်လည်ထုတ်ဝေထားခဲ့တာ ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ အောင်ဆန်းသူရိယဘွဲ့ရသွားတဲ့၊ စွန့်လွှတ်စွန့်စားဝံ့သူ ရဲဘော်လှသောင်းရဲ့ အတ္ထုပ္ပတ္တိလို့ပြောနိုင်သလို လွတ်လပ်ရေးရခါနီးနဲ့ ရပြီးစ နိုင်ငံရေးအခြေအနေသမိုင်းမှတ်စုတွေကိုလည်း ဒီစာအုပ်က ညွှန်းပြနိုင်ခဲ့ပါတယ်။ အဲဒီခေတ်ကာလမြင်ကွင်းတွေဟာ ရဲဘော်လှသောင်းရဲ့ ဘဝအချိုးအကွေ့တွေနဲ့အတူ စာချစ်သူရဲ့နှလုံးသားမှာ ပြက်ပြက်ထင်ထင် မြင်ယောင်လာမယ်ဆိုတာ အတပ်ပြောနိုင်တဲ့ စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်ပါတယ်။

စာရေးသူ တပ်ကြပ်မောင်ထူးဟာ တိုက်ပွဲအတွင်း အလောင်းတောင် ပြန်မရနိုင်တဲ့ ရဲဘော်လေးတစ်ယောက်ရဲ့ နောက်ဆုံးမြင်ကွင်းအထိ ပုံဖော်ရေးသားနိုင်ဖို့ အထောက်အထားများစွာ၊ အတည်ပြုပြောပြနိုင်တဲ့ တပ်မတော်သားများစွာ၊ ရဲဘော်လှသောင်းရဲ့ မိသားစုဝင်စသည်ဖြင့် နှစ် ၂၀ ကျော်ခန့်က အကြောင်းအရာတွေကို ရှာဖွေစုဆောင်း တင်ဆက်ထားတာကိုလည်း အသိအမှတ်မပြုဘဲ မနေနိုင်လောက်အောင် ချီးကျူးမိပါတယ်။

လွတ်လပ်ရေးရပြီး တစ်နှစ်ကျော်အကြာ ၁၉၄၉ ခုနှစ် ဧပြီလ ၂၉ ရက်နေ့မှာ ရန်ကုန်-မန္တလေးကားလမ်းပေါ်မှာရှိတဲ့ ဖောင်တော်သီမြို့အနီး မိုင်တိုင်(၈၀/၃) ပေါက်တပင် တာဆုံ ရှမ်းစုရွာတိုက်ပွဲမှာ သနက (၃)လို့ တပ်မတော်သားတိုင်းသိကြတဲ့ အမှတ်(၃) ဗမာ့သေနတ်ကိုင်တပ်ရင်းက တပ်သားလေး လှသောင်း ကျဆုံးသွားပါတယ်။ သူနဲ့အတူ ကျဆုံးသွားတဲ့ ရဲဘော်တွေအတွက် အဲဒီနေရာမှာ လွမ်းစေတီလေးတည်ထားတဲ့မြင်ကွင်းဟာ စာချစ်သူများကို မပြောမီက လွမ်းနှင့်အောင် စာရေးဆရာက ဆွဲဆောင်ပြီး စာအုပ်ကို ဖွင့်ထားပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ "လွတ်လပ်ရေးကိုအနုနည်းနဲ့ရရင်ရ မရရင်ချရမှာပဲ"လို့ ဒေါင်းတင်မောင်းတင်မိန့်ခွန်းဟာ တစ်နိုင်ငံလုံးက လူငယ်တွေကိုသာမက ဒလတက်ကမ်းက အိုးစည်ပိုင်းတိုင်းမှာ အတီးအက ပိုင်နိုင်လွန်းတဲ့ ကိုရင်ကြီး ရှင်ဝါဒီစွာအဖို့ တပ်မတော်သားဖြစ်လာဖို့ ပထမဆုံးအင်အားတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ ချစ်စရာကောင်းပြီး ချောလှလွန်းလို့ အလှတွေသောင်းချီနေတဲ့အထိမ်းအမှတ်နဲ့ သူ့အဘွားက သူ့ကို မောင်လှသောင်းလို့ မှည့်ခေါ်ခဲ့ရာကနေ မှတ်မှတ်ရရ ဒုတိယမြောက်တပ်မတော်နေ့ဖြစ်တဲ့ ၁၉၄၇ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ ကိုယ်ပိုင်အမှတ် ၈၈၈၆၅ နဲ့ ရဲဘော်မောင်လှသောင်း စစ်သားဖြစ်ခွင့်ရခဲ့ပါတယ်။

သန့်တုန်းမြန်တုန်း ရှင်လိင်ပြန် ရဲဘော်လှသောင်းဟာ သေနတ်ကိုင်ခွင့်ရကတည်းက ဘရင်းဂန်းနာ ဖြစ်ခဲ့ပါတယ်။ စစ်ကြောင်းတွေထွက်ခွာတဲ့အခါ တိုက်ပွဲထဲမှာတောင် သူ့ရဲ့ဘရင်းဂန်းကို တောပန်းကလေးတွေချိုးပြီး ပန်ပေးသူ၊ စိတ်နှလုံးနူးညံ့တဲ့ လူငယ်လေးတစ်ယောက်ဆိုတာ စာအုပ်မှာ မြင်ခွင့်ရခဲ့တယ်။ ချစ်ရေးချစ်ရာမှာ ရည်းစားလေး တစ်ယောက်တောင် ဖြစ်ဖြစ်မြောက်မြောက် ထားခွင့်မရခဲ့ဘဲ ကြမ်းတမ်းတဲ့ ရှေ့တန်းမျက်နှာစာတွေမှာ လူငယ်ဘဝကုန်ဆုံးသွားရတဲ့ ရဲဘော်လှသောင်းရယ်ပါ။ မောင်လိုစစ်သားဘဝမှာ ချစ်သူကိုလွမ်းဖို့ အချိန်မပေးနိုင်ခဲ့ပေမယ့် ရခိုင်ပြည် ပြောက်ကျား သူပုန်တပ်တွေကို စစ်မျက်နှာဖွင့်ရင်း ရေခပ်ဆင်းချိန်တစ်ခုမှာ ဆုံခဲ့လေသူ မော်ရွှာက သန္တာမေကိုများ ရတဲ့အချိန် အလုအယက်လွမ်းနေရှာခဲ့မလား။

နမလို၊ ချစ်သူလို စိတ်ဝယ်စွဲထင်နေတဲ့ မိန်းကလေးကို ရဲဘော်လစာထဲကနေ လွတ်လပ်ရေးနေ့ဝတ်ဖို့ရာ သရက်ထည်အနက်ခံ အနီပွင့်လုံချည်ကလေး ဝယ်ပေးခဲ့သူ။ လွတ်လပ်ရေးမတိုင်ခင် သွေးမြေကျသွားရရှာတဲ့ချစ်သူကို ရင်မှာမွေ့ထားရင်း မျက်ရည်မဆည်နိုင်တဲ့ ရဲဘော်လေးဟာ သူနောက်ဆုံးထွက်သက်မှာ ဘရင်းဂန်းသေနတ်ကြီးပိုက်ရင်းသွားနှင့်သူမိန်းကလေးကိုများ သတိရသွားနိုင်ရဲ့လားဆိုတာကို စာရေးဆရာဆီ ပြေးပြီးမေးချင်လာတဲ့အထိ ဆွဲဆောင်မှုရှိစွာ သရုပ်ဖော်ထားတဲ့မြင်ကွင်းတွေကို စာရေးဆရာက စာပန်းချီခြယ်မှုန်းထားပါတယ်။

ရန်ကုန်တစ်ဖက်ကမ်းမှာ မွေးဖွားတဲ့ ရဲဘော်လှသောင်းဟာ ရခိုင်ပြည်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်နဲ့ ပြည်တစ်ဝိုက်အပါအဝင် စကင်းကရင်တပ်ပျက်သည်အထိ ဆင်နွှဲခဲ့ရတဲ့ ဝက်ကော်တိုက်ပွဲ၊ အင်းစိန်ရဲ့နာမည်ကျော် ပွိုင့်ဝမ်းဝမ်းတူးတိုက်ပွဲ၊ မှော်ဘီမှသည် ဒိုက်ဦးစစ်မျက်နှာစသည်ဖြင့် ကျရာတာဝန်ကို သနက(၃)နဲ့ အတူတူ ဖြတ်သန်းခဲ့ရသူလည်း ဖြစ်ပါတယ်။ ပေါ်ဦးစမတ်ဝမ်း ဘရင်းဂန်းကြီးဟာ သိပ်ကိုလေးလံခဲ့ပေမယ့် သန်မာလှတဲ့ ရဲဘော်လှသောင်းကတော့ ခလုတ်ကွင်းကနေ စကြာလှည့်ရင်း ရဲဘော်တွေကို အပန်းပြေအသုံးတော်ခံခဲ့တာကို ပုံဖော်ရေးသားထားပါတယ်။ (ဆက်လက်ဖော်ပြပါမည်)

**ဘရင်းဂန်းနာ ရဲဘော်လှသောင်းဟာ လက်စွဲတော်ဘရင်းဂန်းတစ်လက်နဲ့ တပ်ရင်းမှူးအပါအဝင် ရှေ့တန်းခံစစ်မျဉ်းက စစ်သည်တွေကို အခြားခံစစ်ကြောင်းတစ်ခုရောက်အောင် ပြောင်းရွှေ့ဆုတ်ခွာဖို့အတွက် တစ်ဦးတည်း ချန်နေခဲ့ပြီး ခုခံကာကွယ်ပေးခဲ့တဲ့သူပါ။ အကယ်၍ အဲဒီနေ့ကသာ များပြားတဲ့ ရန်သူအင်အားတွေဟာ အရှေ့ကို မြန်မြန်ဆန်ဆန် တိုးခွင့်ရခဲ့မယ်ဆိုရင် တိုင်းပြည်ရဲ့ သမိုင်းစာမျက်နှာဟာ ပြောင်းလဲချင် ပြောင်းလဲသွားနိုင်ပါလိမ့်မယ်။**

# ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သန်းကျော်ရှိလာ



**အော့တဝါ မေ ၄**

ကနေဒါနိုင်ငံ၌ ယမန်နှစ် ဇန်နဝါရီ ၂၅ ရက်က ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲအတည်ပြုလူနာ စတင်တွေ့ရှိခဲ့ပြီး ထိုအချိန်မှစ၍ ၁၄ လတာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၀၁၆၄၅ ဦးရှိလာကြောင်း ကနေဒါရုပ်သံလွှင့်ဌာနက ယနေ့ ကြေညာသည်။

ယခုအခါ ကနေဒါနိုင်ငံသည် ကမ္ဘာပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ တစ်သန်းနှင့်အထက် ကူးစက်ခံရသည့် ၂၃ ခုမြောက် နိုင်ငံဖြစ်လာကြောင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဆိုင်ရာ ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ လေ့လာချက်အရ သိရသည်။

ကနေဒါနိုင်ငံ၌ ပိတ်ပင်ကန့်သတ်ချက်များနှင့် ခရီးသွားလာမှုကန့်သတ်ချက်များကို လနှင့်ချီကြာပြုလုပ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ကျဆင်းလာခဲ့ပြီးနောက် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါက ကနေဒါနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြောင်း ယမန်နှစ် စက်တင်ဘာလတွင် ကြေညာခဲ့သည်။

လတ်တလောအချိန်တွင် ကနေဒါနိုင်ငံအထူးသဖြင့် အွန်ထရာရီယို၊ ကွီဘက်ခ်၊ ဗြိတိသျှကိုလံဘီယာနှင့် အယ်လ်ဘာတာအပါအဝင် လူဦးရေထူထပ်သောပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်လာပြီး ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်လူနာများကြောင့် စိုးရိမ်မှုများမြင့်မားလာခြင်းနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။

ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူ့ကျန်းမာရေးအစီအမံများ ချမှတ်ထားသည့်နေရာများ၌ပင်လျှင် နေ့စဉ် ကူးစက်မှုနှုန်း ၁၂၀၀၀ ကျော်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားလျက်ရှိကြောင်း ကနေဒါ ဗဟိုအစိုးရက မတ်လကုန်ပိုင်းတွင် ထုတ်ပြန်ကြေညာထားသည်။

သို့ဖြစ်ရာ ကနေဒါဗဟိုအစိုးရက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာကန့်သတ်ချက်များကို အစိုးရတာဝန်ရှိသူများအနေဖြင့် တင်းကျပ်ထားမှသာလျှင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်မည်ဟု အခိုင်အမာအကြံပြုထားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၄၉ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၄**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၄၉ ဦးထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၁၀၉၅၉ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ခုနစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၃၄၂ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟာစ်ဟာမ်အဒူလာက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာနှစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၂၈၈ ဦးရှိလာခဲ့ကြောင်း သိရသည်။

သို့သော် လူနာ ၁၂၇၀ ရောဂါမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၃၃၅၁၆၂ ဦး (၉၅ ဒသမ ၅ ရာခိုင်နှုန်း) ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ လူနာ ၁၄၅၀၉ ဦးသည် ကိုဗစ်-၁၉ ရောဂါ ဝေဒနာများခံစားရလျက်ရှိပြီး ယင်းတို့အနက် ၁၈၆ ဦးသည် အထူးကြပ်မတ်ဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့်အပြင် ၎င်းတို့အနက် လူနာ ၉၄ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# အာဂျင်တီးနားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၃၈၄ ဦးရှိ

**ဗျူနိုအေးရိစ် မေ ၄**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၃၈၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၃၈၃၅၃၇ ဦး အထိရှိလာခဲ့ကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အာဂျင်တီးနားနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လျက်ရှိပြီး အာဂျင်တီးနားနိုင်ငံသမ္မတ အယ်လ်ဘာတိုဖာနန်ဒက်ဇ်သည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။ အာဂျင်တီးနားနိုင်ငံသမ္မတ အယ်လ်ဘာတိုဖာနန်ဒက်ဇ်သည် ယခုနှစ်အစောပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၃ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၆၁၀၆ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂၁၃၀၆၄၀ ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၉၆၇၉၁ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံအစိုးရသည် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်နေခြင်းကြောင့် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များကို မေ ၉ ရက်အထိ တိုးမြှင့်ချမှတ်ခဲ့ကြောင်းသိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၁၉၈၇ ဦး ထပ်မံသေဆုံး

ရီယိုဒီဂျနေးရိုး မေ ၄

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၉၈၇ ဦးသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၃၀၁၉၃ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၅၁၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၂၉၅၃၅၉၇ ဦး ရှိလာခဲ့ပြီ ဖြစ်သည်။

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ကမ္ဘာ့နိုင်ငံများအနက် အမေရိကန်ပြီးနောက် ရောဂါကူးစက်မှုနှင့် သေဆုံးမှုအရေအတွက် ဒုတိယ အများဆုံးနိုင်ငံ ဖြစ်သည်။

ဘရာဇီးနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးဖြစ်သည့် ဆောပေါလိုမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၂၀၂၀၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၇၆၇၅၀ ရှိကြောင်း သိရသည်။ ရီယိုဒီဂျနေးရိုးမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၅၇၁၃၉ ဦးရှိပြီး သေဆုံးသူ ၃၇၆၂၉ ဦးရှိကြောင်း သိရသည်။

ဇန်နဝါရီလမှစပြီး ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်ဖြစ်ပွားလာခဲ့ပြီး လွန်ခဲ့သောရက်သတ္တပတ်အတွင်း ရောဂါကူးစက်မှု အရေအတွက် မြင့်တက်လာခြင်းကြောင့် ပြည်နယ် ၂၇ ခုရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကျပ်ရိုက်စေခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၂၄ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးပြီး ဖြစ်ကြောင်းနှင့် ယင်းတို့အနက် ၁၈ ဒသမ ၈ သန်း (၈ ဒသမ ၉ ရာခိုင်နှုန်း) သည် ကာကွယ်ဆေး ပထမ အကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ လူဦးရေ ၅ ဒသမ ၂ သန်း (၂ ဒသမ ၄၉ ရာခိုင်နှုန်း) သည် ကာကွယ် ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးကြောင်း သိရသည်။



ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်



## အင်ဒိုနီးရှား၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် လူ ၂၃ ဦးထက်မနည်း သေဆုံး

ဂျကာတာ မေ ၄

ယနေ့အစောပိုင်းက အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း အရှေ့နူဆာတင်ဂါရာပြည်နယ်တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီးနောက် လူ ၂၃ ဦး ထက်မနည်း သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကာ အိမ်ထောင်စု ၄၉ စုမှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း အင်ဒိုနီးရှားအမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

အဆိုပါ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများသည် အရှေ့နူဆာတင်ဂါရာပြည်နယ် ဖလောတီမှရ်ခရိုင်၌ ယနေ့ ဒေသစံတော်ချိန်နံနက် ၁ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းသဘာဝဘေးကြောင့် သေကျေဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည့်အပြင် လူနေအိမ်အများအပြား မြေမြှုပ်သွားပြီး အခြား နေအိမ်အများအပြား မျောပါသွားကာ တံတား တစ်စင်း ဖျက်ဆီးသွားကြောင်း အမျိုးသား သဘာဝဘေးစီမံခန့်ခွဲရေး အေဂျင်စီပြောရေးဆိုခွင့်ရှိသူ ရာဒီတီယာဂျာတီက ပြောကြားသည်။

ထို့အပြင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ၌ ဒဏ်ရာရရှိခဲ့သည့်ပြည်သူများသည် နီးစပ်ရာ ဆေးပေးခန်းများတွင် ဆေးဝါးကုသမှုခံယူလျက် ရှိကြကြောင်း ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်ချက် တစ်ရပ်တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားမိုးလေဝသနှင့် ဘူမိရူပဗေဒ အေဂျင်စီ၏ ခန့်မှန်းချက်အရ အဆိုပါဒေသတွင် တစ်ပတ်အတွင်း မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းမည်ဖြစ်သလို လေပြင်းတိုက်ပြီး လှိုင်းကြီး ဖွယ်ရှိဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျော်ဇီ

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄ ဒသမ ၅ သန်းကျော်ရှိလာ

မော်စကို မေ ၄

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၁၇ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၅၈၀၈၉၄ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅၇ ဦး ရှိခဲ့ခြင်းကြောင့် လက်ရှိတွင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၁၀၀၃၇၄ ဦး အထိရှိလာခဲ့ကာ လွန်ခဲ့သည့် တစ်ရက်တာကာလ အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၈၂၁၂ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၂၀၄၀၈၁ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုတွင် အများဆုံး ဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၀၁ ဦးရှိခဲ့ခြင်း ကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၃၄၅၆၇ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်နေစဉ် လက်ရှိတွင် ပြည်သူ ၁၂၁ ဒသမ ၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အလင်းသစ်



## အိန္ဒိယပြည်နယ်တစ်ခု၌ ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းသားများအား စာမေးပွဲမဖြေဘဲ အအောင်ပေးရန်ဆုံးဖြတ်

မွန်ဘိုင်း မေ ၄

အိန္ဒိယနိုင်ငံအနောက်ဘက် မဟာရာ့ရှ်ထရာပြည်နယ်အစိုးရသည် ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် အခြေခံပညာကျောင်းအားလုံးရှိ ပထမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားများကို စာမေးပွဲဝင်ရောက် ဖြေဆိုစရာမလိုဘဲ အတန်းတင်ပေးရန် ဆုံးဖြတ်လိုက်ကြောင်း ပြည်နယ်ပညာရေးဝန်ကြီးက ပြောကြားသည်။

မဟာရာ့ရှ်ထရာပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် ယမန်နှစ် မတ်လကတည်းက စာသင်ကျောင်းအားလုံးကို ပိတ်ထားသည့်အတွက် ပြည်နယ်အစိုးရသည် ယမန်နှစ်ကလည်း ကိုဗစ်-၁၉ ရောဂါကြောင့် ပညာရေးနစ်နာသွားသည့်ပထမတန်းနှင့် အဋ္ဌမတန်းကျောင်းသားအားလုံးကို နောက်အတန်းများအတွက် စာမေးပွဲဝင်ရောက်ဖြေဆိုခြင်းမရှိဘဲ အအောင်ပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်နယ်အတွင်း ဆက်လက်ဖြစ်ပွားနေသည့်အခြေအနေများကို ပြန်လည်သုံးသပ်ခြင်းအားဖြင့် ပြည်နယ်အတွင်းရှိ ပထမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားအားလုံးအား စာမေးပွဲဖြေဆိုစရာမလိုဘဲ နောက်အတန်းများသို့ အတန်းတိုးမြှင့်ပေးရန် ပြည်နယ်ပညာရေးဝန်ကြီးဌာနက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ပညာရေးဝန်ကြီး ဗာရာဂိုက်ဝတ်ဒ်က ရှင်းလင်းပြောကြားသည်။

မဟာရာ့ရှ်ထရာပြည်နယ်အစိုးရသည် ပညာသင်နှစ်ကို နှစ်စဉ် ဇွန်လမှစတင်ပြီး နောက်နှစ်ဧပြီလတွင် အဆုံးသတ်လျက်ရှိကြောင်း သိရသည်။ သို့သော် ပြည်နယ်အစိုးရသည် ၁၀ တန်းနှင့် ၁၂ တန်း အတွက် စာမေးပွဲများကိုမူ လျှော့ချထားသည့် သင်ရိုးညွှန်းတမ်း အပေါ် အချိန်ဇယားအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

မဟာရာ့ရှ်ထရာပြည်နယ်တွင် ၁၀ တန်းနှင့် ၁၂ တန်း စာမေးပွဲ အတွက် ဝင်ရောက်ဖြေဆိုသူ နှစ်စဉ် ၃ သန်းခန့်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျော်ဇီ

# ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်

ဘန်ဒါဆရီဘီဂါဝန် မေ ၄

ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယမန်နေ့တွင် စတင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြည်သူ ၇၅၄ ဦးက နိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေးထိုးနှံပေးရေးစင်တာများ၌ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းတို့အနက် ကျန်းမာရေးဝန်ကြီး ဟာဂျီအာဝန် မိုဟာမက်အစ္စဟာမ်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။ ဝန်ကြီး ဟာဂျီ အာဝန် မိုဟာမက်အစ္စဟာမ်က Raja Isteri Pengiran Anak Saleha ဆေးရုံ၌ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူခဲ့သည်။

နိုင်ငံနှင့် လူမျိုး၏အကျိုးစီးပွားကို ကာကွယ်ရန် အရွယ်ရောက်ပြီးသော နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီး ဟာဂျီ အာဝန် မိုဟာမက်အစ္စဟာမ်က ပြောကြားခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ



ကာကွယ်ဆေးနှင့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးကို နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အခမဲ့ထိုးနှံမှုခံယူရမည်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်၏ ဦးစားပေးစာရင်းတွင် ကျန်းမာရေးလုပ်သားများနှင့် ဘရူနိုင်းဘုရင့်တပ်မတော်မှ တပ်ဖွဲ့ဝင်များအပါအဝင် သီးခြားစောင့်ကြည့်ရေးစင်တာများနှင့် လူဝင်မှုကြီးကြပ်ရေးဌာန ဝန်ထမ်းများ ပါဝင်ကြောင်း သိရသည်။

ဘရူနိုင်းဆော်တန်ဘုရင် ဟာဂျီဟာဆာနယ် ဘိုကီးယားက မေ ၁ ရက်တွင် တော်ဝင်နန်းတော် အစ်တာနာ နူရယ်အီမန်၌ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူခဲ့သည်။

ဘုရင်ဟာဂျီဟာဆာနယ် ဘိုကီးယားက ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်ခဲ့သည်။

မေ ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၃၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၇၃ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် မေ ၆ ရက်တွင် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါစတင်ကူးစက်ပျံ့နှံ့ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်




# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၇၅၆ ဦး စံချိန်တင်တွေ့ရှိ

အန်ကာရာ မေ ၄

တူရကီနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၇၅၆ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါ အရေအတွက်သည် နေ့စဉ်ကူးစက်မှုအရေအတွက် စံချိန်တင် အမြင့်မားဆုံးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၄၄၅၀၅၂ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီ အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၈၆ ဦးသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၀၇၈ ဦးရှိလာခဲ့ပြီဖြစ်သည်။

သို့သော် လူနာ ၂၃၂၁၄ ဦး ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာ သူဦးရေ ၃၀၈၂၆၇၆ ဦးရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရသူများ အနက် ၃ ဒသမ ၆ ရာခိုင်နှုန်းသည် အဆုတ်ရောင်ရောဂါဝေဒနာ ခံစားနေရပြီး လူနာ ၂၂၃၁ ဦးသည် အပြင်းဖျားဝေဒနာ ခံစားနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

ပြည်သူ ၂၄၉၁၂၆ ဦးအား ယမန်နေ့တွင် ရောဂါပိုး ရှိ၊ မရှိ ဆေးစစ်မှုပြုလုပ်ခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း၌ ရောဂါပိုး ရှိ၊ မရှိ ဆေးစစ်မှုခံယူပြီးသည့် ပြည်သူ ၃၉၃၁၉၈၈၉ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တူရကီနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၉၅၃၀၀၀၀ အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် တူရကီနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စတင်ပျံ့နှံ့ခဲ့သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၇၃၁ ဦးရှိ

ဂျကာတာ မေ ၄

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၇၃၁ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၅၃၄၂၅၅ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၂၇ ဦးရှိခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၄၁၆၆၉ ဦးအထိရှိလာခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက မေ ၄ ရက်တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၉၆၆၃ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၃၇၅၈၇၇ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ် ၃၄ ခုစလုံးတွင် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်းလည်း သိရသည်။ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့်ဒေသများအနက် ဘန်တန်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၀၁ ဦး၊ ဂျကာတာသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၃၆ ဦး၊ အနောက်ဂျာဗားသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၈ ဦး၊ တောင်ကာလီမန်တန်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀ နှင့် ဘာလီသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၅ ဦးရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုမရှိသည့် ပြည်နယ်သုံးခုရှိပြီး အဆိုပါပြည်နယ်များမှာ မြောက်ဆူလာဝေစီပြည်နယ်၊ မာလူကူပြည်နယ်နှင့် မြောက်မာလူကူ ပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၃၁၅၀၇၃၇၄ | ဦး |
| သေဆုံးသူ | ၂၈၆၁၆၀၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၅၉၁၀၈၃၃ | ဦး |

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လုစ်ခံထားရသူ သရုပ်ဆောင် ရဲတိုက်(ခ)လင်းထွန်းအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လုစ်ခံထားရသူ သရုပ်ဆောင်ရဲတိုက်(ခ) လင်းထွန်းအား ယမန်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ည ၈ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်မြို့အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံအရောက်၌ ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ မြောက်ဒဂုံမြို့နယ် အမှတ်(၉) ရပ်ကွက်နေ ရဲတိုက်(ခ)လင်းထွန်း ၃၇ နှစ် (ဘ)ဦးထွန်းညွန့်မော် ဖြစ်ကြောင်း သိရှိရပြီး ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ပြား၊ မြုပြင်ထားသော ဂက်စ်မီးခြစ် နှစ်လုံး၊ ထိပ်တွင် ခဲပြားပတ်ထားသည့် အအေးပိုက် တစ်ချောင်း၊ ခဲပြားအပိုင်းအစ နှစ်ခုနှင့် အခြား ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ရဲတိုက်(ခ)လင်းထွန်းအား ဘုရင့်နောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်လုစ်စစ်ဆေးလျက်ရှိပြီး ၎င်းသည် ဆူပူဆန္ဒပြမှုများ၌ ပါဝင်ခဲ့သဖြင့် မတ် ၁၅ ရက်တွင် လသာမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လုစ်ခံထားရသူဖြစ်ကြောင်း သတင်းရရှိသည်။



ရဲတိုက်(ခ)လင်းထွန်းအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်




# စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ဆူပူအကြမ်းဖက်သူများ မီးရှို့၍ နေအိမ်တစ်လုံး မီးလောင်ပျက်စီးကာ အမျိုးသား တစ်ဦးသေ၊ အမျိုးသမီး တစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၄

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ဆူပူအကြမ်းဖက်သူများက မီးရှို့ခဲ့၍ ယနေ့တွင် နေအိမ်တစ်လုံး မီးလောင်ပျက်စီးကာ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁ နာရီခွဲတွင် တမူးမြို့ (၁၄)ရပ်ကွက်နေ အမျိုးသားတစ်ဦးနှင့် ၎င်း၏ဇနီးဖြစ်သူတို့သည် နေအိမ်၌ အိပ်ပျော်နေစဉ် ဦးဆောင်သူ (စီစစ်ဆဲ) ဆူပူအကြမ်းဖက်သူ အင်အား ၁၀ ဦးခန့် ရောက်ရှိလာပြီး နေအိမ်ခြံဝင်းအတွင်းသို့ လက်လုပ်ဗုံး၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ကာ ဆူပူအကြမ်းဖက်သူများအတွင်းမှ မျက်နှာဖုံးစွပ်ထားသူ လေးဦးသည် ရဲခင်းများ ကိုင်ဆောင်ပြီး နေအိမ်ပေါ်သို့တက်လာ၍ အမျိုးသားနှင့် ၎င်း၏ဇနီးဖြစ်သူတို့အား ဝိုင်းဝန်းထိုးခုတ်ရိုက်နှက်ကာ နေအိမ်အပေါ်ထပ်ရှိ ဂက်စ်အိုးနှင့် နေအိမ်ခြံဝင်းအတွင်းရှိ လယ်ထွန်စက်တို့အား မီးရှို့နေသဖြင့် ဇနီးဖြစ်သူမှာ နေအိမ်ပြတင်းပေါက်မှ ခုန်ချထွက်ပြေးခဲ့ရပြီး အမျိုးသားဖြစ်သူမှာ နေအိမ်အတွင်း ဒဏ်ရာများဖြင့် ကျန်ရှိခဲ့ကာ နေအိမ်နှင့်အတူ မီးလောင်ကျွမ်းသေဆုံးခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဇနီးဖြစ်သူမှာ ဦးခေါင်း၊ မျက်နှာ၊ ဝဲ/ယာ ခြေထောက်တို့တွင် ပြတ်ရှဒဏ်ရာများ ရရှိကာ နှစ်ထပ်နေအိမ် တစ်လုံး၊ ဆိုင်ကယ် သုံးစီး၊ လယ်ထွန်စက် တစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့ရသည့်အတွက် ဒဏ်ရာရရှိသူ အမျိုးသမီးအား လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ရေး တမူးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိပြီး နေအိမ်အား မီးရှို့ဖျက်ဆီး၍ လူသေဆုံးစေခဲ့သူ ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တောင်ကုတ်မြို့နယ်၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၄

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ဧပြီ ၂ ရက်က တရားမဝင်သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် တောင်ကုတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သိမ်တောင်ရပ်ကွက် မြို့ရှောင်လမ်းတွင် စောင့်ဆိုင်းနေစဉ် ဘုရားကိုးဆူ ကျေးရွာနေ မင်းနိုင် မောင်းနှင်လာသော ခြောက်တီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင်သစ်ခွဲသား၊ အခြားသားဆိုဒ်စုံ လေးတန်ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မင်းနိုင်အား တောင်ကုတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် ဧပြီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားလျက်ရှိသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၃၁ လက်နှင့် လက်လုပ်သေနတ် ၂၄ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# လူဖြစ်ကျိုးနပ်နိုင်ကြပါစေ

ကိုထွန်းခင်

**ယနေ့ခေတ်တွင် နိုင်ငံတော်၌ ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများနှင့် ပတ်သက်၍ သတင်းအမှန်များကို နိုင်ငံပိုင်ရုပ်သံနှင့် သတင်းစာများ၊ မြဝတီရုပ်သံနှင့် သတင်းစာတို့တွင် ဖြန့်ချိပေးနေသည်။ လူမှုကွန်ရက်တွင်လည်း သိနားလည်သူများက သတင်းအမှန်များကို တင်ပေးနေသည်၊ ရှင်းလင်းပြောပြပေးနေသည်။ သို့သော် သတင်းများကို မသိ၊ မကြားရအောင် MRTV မကြည့်နဲ့၊ နိုင်ငံပိုင်သတင်းစာများ၊ မြဝတီရုပ်သံ/ သတင်းစာများ မဖတ်နဲ့ စသည်ဖြင့် တိုက်တွန်းနေကြသည်။ လူမှုကွန်ရက်မှ မည်မျှပင် ရှင်းပြနေသော်လည်း နားမဝင်နိုင်ကြ။ ပြိတ္တာများ သာဓုခေါ်ခွင့်မရအောင်၊ ကျွတ်လွတ်ခွင့်မရအောင် အဝေးသို့ခေါ်ဆောင်သွားသည့် နာကြားခဲ့ဖူးသော တရားတော်ကို မြင်ယောင် ကြားယောင်မိ။**

ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီမြို့၌ အလွန်ဆင်းရဲသော မဟာဒုက် လယ်သမားဇနီးမောင်နှံတို့ နေထိုင်ကြသည်။ ဆင်းရဲလွန်းသောကြောင့် ဝမ်းရေးကိုအနိုင်နိုင် အသက်မွေးနေရသော လင်မယားနှစ်ယောက်ဖြစ်သည်။ တစ်ခုသော ဝါခေါင်လတွင် ကဿပဘုရားရှင်သည် သံဃာတော်အပါးနှစ်သောင်း ခြံရံလျက် ဗာရာဏသီမြို့သို့ ကြွချီတော်မူလာသည်။

ဆွမ်းတစ်နပ်ရအောင် လှူမည်ဟု စိတ်ဆုံးဖြတ်

မဟာဒုက်တို့ရွာမှ ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းလှူရန် အလှည့်ကျသည်။ မဟာဒုက်လင်မယားသည် ဆင်းရဲသော်လည်း သံဃာတစ်ပါးကိုတော့ ဆွမ်းတစ်နပ်ရအောင် လှူမည်ဟု စိတ်ဆုံးဖြတ်လိုက်ပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ကြ၏။ ယောကျ်ားဖြစ်သူက လယ်လုပ်ရာတွင် သီချင်းတအေးအေးဖြင့် ဆွမ်းကပ်ရတော့မည့် အရေးကိုတွေးကာ ပျော်နေ၏။ မယားဖြစ်သူကလည်း ဆန်ထောင်းရာတွင် သီချင်းလေးတအေးအေးဖြင့် ပျော်နေ၏။

သံဃာတော်တို့အား ဆွမ်းကပ်ရန်ပင့်ရမည့်အချိန်တွင် ရွာသူရွာသားများက သံဃာတစ်ပါးစီ သူ့ထက်ငါ ဦးအောင်ပင့်ဆောင်သွားကြသောကြောင့် မဟာဒုက်တို့အတွက် သံဃာကုန်ပြီဖြစ်သည်။ ကံအားလျော်စွာ ဘုရားရှင်တစ်ပါးတည်းသာ ကျန်တော့သည်။ မဟာဒုက်လည်း အရဲစွန့်ပြီး အရှင်ဘုရား၏ သပိတ်တော်ကို တပည့်တော်အား ချီးမြှောက်ပါရန် လျှောက်ထားသောအခါ မြတ်စွာဘုရားက မဟာဒုက်လက်သို့ သပိတ်ကို ပေးအပ်လိုက်လေသည်။

မဟာဒုက်ဆင်းရဲသားလင်မယားသည် မြတ်စွာဘုရား၏ သပိတ်ရသွားသည်ကို သူဌေးသူကြွယ်များက မြင်သောအခါ "အို မဟာဒုက် သင့်အား ရွှေငွေဥစ္စာ အမြောက်အမြားပေးပါမည်။ သင့်လက်ထဲမှ သပိတ်ကိုပေးပါ" ဟု ပြောကြသော်လည်း မဟာဒုက်က မိမိ၏သဒ္ဓါကို အသပြာနှင့် မလဲနိုင်ဟုဆိုကာ မြတ်စွာဘုရားအား အိမ်သို့ပင့်ဆောင်သွား၏။

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာတရား ဟောသောအခါတွင် မဟာဒုက်တို့ ဇနီးမောင်နှံနှစ်ဦး သောတာပန်တည်ကြလေသည်။ ဇနီးမောင်နှံနှစ်ဦး၏ ဆွမ်းအတွက် သဒ္ဓါထက်သန်စွာ ကြိုးစားအားထုတ်နေသည်ကို စောင့်ကြည့်နေသော သိကြားမင်းက မဟာဒုက်တို့နေအိမ်ပေါ်သို့ရတနာမိုးကြီး ရွာသွန်းချလိုက်သောကြောင့် မဟာဒုက်ဆင်းရဲသားလင်မယားသည် နေ့ချင်းညချင်း ချမ်းသာသွားကြလေသည်။

မဟာဒုက်တို့ ဇနီးမောင်နှံသည် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသည့် ကောင်းမှုကုသိုလ်ကြောင့် လက်ငင်းအကျိုးပေးပြီး သေလွန်သော် နတ်ပြည်သို့ ရောက်ကြရသည်။ မဟာဒုက်၏ ဒါနပါရမီမျိုးစေ့သည် ဂေါတမဘုရားရှင်လက်ထက်သို့ရောက်သောအခါ လူအဖြစ်ပြန်လည်ရရှိပြီး အသက်ခုနစ်နှစ်အရွယ်တွင် သာမဏေဖြင့် အရဟတ္တဖိုလ် ရရှိခဲ့သည်။

မဟာဒုက်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရှိသေကိုင်းရှိုင်းကာ သဒ္ဓါတရား၏ အစွမ်းသတ္တိကြောင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာသို့တိုင် ထူးခြားသော အကျိုးပေးကို ရရှိခဲ့သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမဩဝါဒကို ကျင့်ကြံပွားများ အားထုတ်ကြခြင်းဖြင့် ကိုယ်၏ချမ်းသာမှု၊ စိတ်၏ချမ်းသာမှုတို့ကို လက်တွေ့ရကြသည့်အပြင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ကြပြီး နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ကြခြင်းတို့ကြောင့် ဗုဒ္ဓကို ဘုရားအဖြစ် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ဆည်းကပ်ကြခြင်း ဖြစ်သည်။

မြတ်စွာဘုရားကို မကိုးကွယ်၊ မဆည်းကပ်သဖြင့် မြတ်စွာဘုရားသည် မည်သို့မျှ အကျိုးဆုတ်ယုတ်သွားမည်မဟုတ်၊ မကိုးကွယ်၊ မဆည်းကပ်သူသာ ဆင်းရဲဒုက္ခများနှင့် ဘဝသံသရာလည်ကာ နစ်မွန်းမည်ဖြစ်သည်။ ဗုဒ္ဓဘာသာကို မကိုးကွယ်၊ မဆည်းကပ်ခြင်းအတွက် ဗုဒ္ဓဘာသာက နစ်နာမှု မရှိပါ။ မကိုးကွယ် မဆည်းကပ်သူမှာသာ ယခုဘဝတွင်သာမက သံသရာမှာ ဆင်းရဲဒုက္ခနှင့် ဘဝပေါင်းများစွာ ကျင်လည်ကြရတော့မည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ မည်သည့်ဘာသာ ကိုးကွယ်သည်ဖြစ်စေ မိမိတို့ပြုလုပ်သည့် ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်သည် နွားခြေရာနောက်သို့ အစဉ်လိုက်သော လှည်းဘီးကဲ့သို့၊ လူသွားရာ အရိပ်ပမာ ကံ က လိုက်ပါအကျိုးပေးနေမည်ဖြစ်ပြီး သံသရာဘေးမှ ပြေးမလွတ်နိုင်ဘဲ ခံရမည်သာ ဖြစ်သည်။

ကိုယ်ပြုသမျှ ကောင်းကျိုး၊ ဆိုးကျိုးကို ကိုယ်သာ ခံစားစံစားရ

ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ဖြစ်သည့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ပြစ်မှားခြင်း၊ အပြစ်ကျူးလွန်ခြင်းဖြင့် အပါယ်ငရဲတွင် ကျရောက်ရတတ်ပြီး မိမိပြုသည့် မကောင်းမှုအကုသိုလ်ကံကို မည်သူကမျှ ကိုယ်စားခံပေး၍ မရပါ။ ကိုယ်ပြုသမျှ ကောင်းကျိုး၊ ဆိုးကျိုးကို ကိုယ်သာ ခံစားစံစားရမည်ဖြစ်သည်။ ထိုသူ၏ ပြစ်မှားခြင်းအတွက် ထိုသူသာ အပြစ်ခံစားရမည်ဖြစ်ပြီး ကျန်သူများက ထိုသူအတွက် စိတ်မကောင်းဖြစ်ရုံ၊ သနားနေရုံမှတစ်ပါး ဘာမှတတ်နိုင်လိမ့်မည် မဟုတ်ပါ။

မြတ်စွာဘုရားကို ပြစ်မှားစော်ကားသူ ဒေဝဒတ်၏အဖြစ်ကို ကြည့်မည်ဆိုပါက ဘုရားရှင်ကို မုန်းရသည့် ပထမဆုံးရန်ငြိုးသည် ရွှေကုန်သည်ဘဝမှ စခဲ့သည်။ အချောင်လိုချင်၍ ပဲဝက်တောင်မတန်ဘူးဟု ပြောထားခဲ့သည့် ရွှေခွက်ကို ဘုရားလောင်းကုန်သည်က အမှန်အတိုင်းပြောပြီး ဝယ်သွားရာမှ ဒေဝဒတ်လောင်းဟာ လောဘ၊ ဒေါသမီးလောင်ပြီး လှေဆိပ်တွင် ရင်ကွဲနာကျ သေခဲ့ရသည်။

မသေခင်နောက်ဆုံး သူ့အမုန်းများသည် ဘဝများပြောင်းသွားသော်လည်း ဘုရားလောင်းပေါ်တွင် အမြဲရှိနေခဲ့သည်။ ထို့နောက်တွင် ဘုရားလောင်းကို မျောက်မင်းဘဝ၊ ဆဒ္ဒန်ဆင်မင်း၊ စူဠဓမ္မပါလ စသည်ဖြင့် ဘဝများစွာတို့တွင် သတ်တော့သည်။

နောက်ဆုံး ဘုရားဖြစ်သည့်ဘဝတွင် ကောလိယတိုင်း ဒေဝဒဟပြည် သုပ္ပဗုဒ္ဓမင်းကြီး၏ သားငယ်အဖြစ် မွေးဖွားလာခဲ့ပြီး နာမည်မှာ ဒေဝဒတ္တ - နတ်ပေးသော မင်းသားဟု အဓိပ္ပာယ်ရှိသည်။ ယသော်ဓရာ၏ မောင်၊ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားနှင့် နှစ်ဖက်တော် ညီအစ်ကိုတစ်ဝမ်းကွဲ ဖြစ်လာခဲ့ပြီး ဘုရားရှင်အား ကျောက်မောင်းဆင်၍ သတ်ရန်ကြံစည်ခဲ့သည့်အတွက် နောက်ဆုံးတွင် ဇေတဝန်ကျောင်းအပေါက်ဝတွင် မြေမျိုခံရတော့သည်။

ထို့ပြင် အခြားဥပမာတစ်ခုအနေဖြင့် စိဉ္စမာန မိန်းမယုတ်သည် မြတ်စွာဘုရားကို စွပ်စွဲကဲ့ရဲ့လိုက်သည့် အကုသိုလ်ကြောင့် နောက်ဘဝမခြားဘဲ ထိုဘဝမှာပင် မြေမျိုပြီး ငရဲကျရောက်သွားခဲ့ရသည်။ ကောင်းမှု၊ မကောင်းမှုကံတို့၏သဘောမှာ ရှေးဘဝက ပြုခဲ့တဲ့ကံကြောင့် ယခုဘဝမှာ အကျိုးတရားကိုခံစားရနိုင်သလို ယခုဘဝပြုလုပ်လိုက်သည့်ကံကြောင့် နောက်ဘဝမခြားဘဲ ယခုဘဝမှာပင် ချက်ချင်းအကျိုးပေး ခံစားရနိုင်ပါသည်။

နည်းပညာတိုးတက်လာ

၂၁ ရာစုတွင် အာဖဂန်နစ္စတန်၌ ဗုဒ္ဓဆင်းတုတော်ကြီးအား မိုင်းခွဲဖျက်ဆီးမှု အကျိုးဆက်အဖြစ် တာလီဘန်များ ယနေ့တိုင် မည်သို့ဒုက္ခပေါင်းစုံ ခံစားသွားရသည်၊ အာဖဂန်နစ္စတန်မြေ၌ ဘယ်လိုဖြစ်နေသည်ကို အားလုံးအသိပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း နည်းပညာတိုးတက်လာသည့် ယနေ့ခေတ်တိုင် အနန္တောအနန္တငါးပါးကို ပြစ်မှားခဲ့သည့်အတွက် ဆင်းရဲဒုက္ခရောက်ကြရသော သာဓကများစွာတို့ ရှိနေသည်။

ဘာသာရေးနှင့်ပတ်သက်၍ လူသားတို့ သေလွန်ပြီးသောအခါ ရက်လည်ဆွမ်းအပါအဝင် ကောင်းမှုကုသိုလ်များ ဆောင်ရွက်နေချိန် တရားနာခွင့်၊ သာဓုခေါ်ခွင့်ရအောင် ဖိတ်ကြားကြသည်။ သို့သော် ကုသိုလ်ကံအားနည်းပြီး ပြိတ္တာဖြစ်နေပါက သူ့ထက်ပိုအဆင့်မြင့်သော ပြိတ္တာများက တရားနာခွင့်၊ သာဓုခေါ်ခွင့်မရအောင် မမြင်မကြားရသောနေရာသို့ ခေါ်ဆောင်သွားကြောင်း တရားတော်များတွင် နာကြားခဲ့ရဖူးသည်။

ထို့အတူ ယနေ့ခေတ်တွင် နိုင်ငံတော်၌ ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများနှင့်ပတ်သက်၍ သတင်းအမှန်များကို နိုင်ငံပိုင်ရုပ်သံနှင့် သတင်းစာများ၊ မြဝတီရုပ်သံနှင့် သတင်းစာတို့တွင် ဖြန့်ချိပေးနေသည်။ လူမှုကွန်ရက်တွင်လည်း သိနားလည်သူများက သတင်းအမှန်များကို တင်ပေးနေသည်၊ ရှင်းလင်းပြောပြပေးနေသည်။ သို့သော် သတင်းများကို မသိ၊ မကြားရအောင် MRTV မကြည့်နဲ့၊ နိုင်ငံပိုင်သတင်းစာများ၊ မြဝတီရုပ်သံ/ သတင်းစာများ မဖတ်နဲ့ စသည်ဖြင့် တိုက်တွန်းနေကြသည်။ လူမှုကွန်ရက်မှ မည်မျှပင်ရှင်းပြနေသော်လည်း နားမဝင်နိုင်ကြ။ ပြိတ္တာများ သာဓုခေါ်ခွင့် မရအောင်၊ ကျွတ်လွတ်ခွင့်မရအောင် အဝေးသို့ခေါ်ဆောင်သွားသည့် နာကြားခဲ့ဖူးသော တရားတော်ကို မြင်ယောင် ကြားယောင်မိပါသည်။

သတင်းမှန်များကို မဖတ်၍၊ နားမထောင်၊ မသိမကြား၊ မယုံကြည်သည့်အတွက် နိုင်ငံပိုင်မီဒီယာများနှင့် သတင်းထုတ်ပြန်သူများက မနစ်နာ၊ အကျိုးမဆုတ်ယုတ်နိုင်ပါ။ နားမထောင်သူ၊ နားထောင်ရအောင် မလုပ်သူများသာ မြေပြင်အခြေအနေ၊ အမှန်တရားနှင့်ဝေးကွာမည်ဖြစ်သည်။ မသိမကြားနိုင်သော အဝိဇ္ဇာအမှောင်ဖုံးနေသည့်အတွက် အမှန်ကို အမှန်ဟုမမြင်နိုင်တော့သလို မိမိတို့အကျိုးဆောင်ရွက်နေသည်ကိုလည်း ဆောင်ရွက်နေမှန်း မသိနိုင်ကြတော့ဘဲ မိတ်ဆွေကို ရန်သူထင်မှတ်ကြတော့သည်။ အသိဉာဏ်၊ ဆင်ခြင်တုံတရားနှင့် ဝေးကွာပြီး လူသားအပေါင်းကို ဘေးဒုက္ခများနှင့် ရင်ဆိုင်ရစေတော့သည်။ ကိုယ့်ဒုက္ခ ကိုယ်ရှာသလိုသာ ဖြစ်နေမည် ဖြစ်ပါသည်။

ထို့ကြောင့် စကားလက်ဆောင်ပေးချင်သည်မှာ ကံအလွန့်အလွန် ကောင်းလွန်း၍ လူဖြစ်လာပြီး သာသနာနှင့်တွေ့ကြုံနေရခိုက် ယခုဘဝတွင် ဘုရားကို ဘုရားမှန်းသိ၊ တရားကို တရားမှန်းသိ၊ သံဃာကို သံဃာမှန်းသိကာ ကိုးကွယ်ဆည်းကပ်နိုင်ကြပါစေ။

ပညာရှိ သူတော်ကောင်းများနှင့်သာ ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်နိုင်ကြပါစေ။ အမှန်တရားကို ဉာဏ်မျက်လုံးဖြင့် ထွင်းဖောက်သိမြင်ကာ လူဖြစ်ကျိုးနပ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

**၂၁ ရာစုတွင် အာဖဂန်နစ္စတန်၌ ဗုဒ္ဓဆင်းတုတော်ကြီးအား မိုင်းခွဲဖျက်ဆီးမှု အကျိုးဆက်အဖြစ် တာလီဘန်များ ယနေ့တိုင် မည်သို့ဒုက္ခပေါင်းစုံ ခံစားသွားရသည်၊ အာဖဂန်နစ္စတန်မြေ၌ ဘယ်လိုဖြစ်နေသည်ကို အားလုံး အသိပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း နည်းပညာတိုးတက်လာသည့် ယနေ့ခေတ်တိုင် အနန္တောအနန္တငါးပါး ကို ပြစ်မှားခဲ့သည့်အတွက် ဆင်းရဲဒုက္ခရောက်ကြရသော သာဓကများစွာတို့ရှိနေ။**

# အခုဆို ဆူပူအကြမ်းဖက်တဲ့လုပ်ရပ်တွေ တော်တော်များများ တွေ့လာ၊ ကြားလာရတော့ ပိုလို့တောင် စိတ်မကောင်းဘူး ပေါ့ဗျာ။ ကိုယ့်လူမျိုးအချင်းချင်း၊ မိတ်ဆွေအချင်းချင်းတွေကို ရန်သူတွေလို ပြုမူပြောဆိုနေကြပြီး ဘာသာ၊ သာသနာကိုလည်း စော်ကားပြစ်မှားနေကြတာမြင်ရတော့ ရင်တွေလည်း နာတယ်ဗျာ

**ဦးမောင်မောင်သန်း**

ဆူပူအကြမ်းဖက်မှုလုပ်ရပ်များ အချိန်ကာလကြာလာသည်နှင့်အမျှ အများပြည်သူတို့၏ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံး မချမ်းမြေ့ဖွယ်ရာများ၊ အခက်အခဲများခံစားရလျက်ရှိသည်။ အဆိုပါ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များကြောင့် မိဘပြည်သူများ၊ နိုင်ငံ့ ဝန်ထမ်းများ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်း များ လုပ်ကိုင်နေကြသည့်ပြည်သူများက ၎င်းတို့ခံစားနေရသည့် အခက်အခဲများ၊ ခံစားချက်များကို ယခုကဲ့သို့ ရင်ဖွင့်ပြောပြခဲ့ကြပါသည်။

“ကျွန်မကတော့ အထက်တန်းပြ ဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်မလုပ်သက်က နှစ် ၂၀ ပြည့်ခါနီးပါပြီ။ ကျွန်မယုံကြည်ချက်နဲ့ကျွန်မ CDM မလုပ်ပါဘူး။ ကျွန်မက ဒီဆရာမအလုပ်ကို မြတ်နိုးပါတယ်။ ကျွန်မစာသင်ပေးရတဲ့ ကလေးတွေကိုလည်း ကျွန်မတတ်ထား၊ သိထားသမျှသင်ပြပေးပြီး ဆရာထက်တော်တဲ့ တပည့်တွေဖြစ်အောင် စိတ်ထဲကနေ နှစ်ပြီးသင်ပေးခဲ့ပါတယ်။ ကျွန်မလုပ်သက်တစ်လျှောက်နေရာဒေသ လေး၊ ငါးနေရာ ပြောင်းခဲ့ပြီး အခုအချိန်မှာတော့ ကျွန်မငယ်ငယ်က တက်ခဲ့တဲ့ကျောင်းမှာပြန်ပြီးတာဝန်ကျနေတာပါ။ ကျွန်မပြောချင်တာကအခု CDM လုပ်တဲ့ ဆရာ ဆရာမအချို့နဲ့ ဆန္ဒပြဆူပူအကြမ်းဖက်နေတဲ့ အခြေအနေတစ်ခုကို ပြောချင်တာပါ။ သူတို့တွေ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတဲ့အပေါ်မှာ ဘာမှမဝေဖန်ချင်ပေမယ့် ကိုယ်လုပ်တဲ့ လုပ်ရပ်လေးတွေ ကောင်းသလား၊ ဆိုးသလားအပေါ်မှာတော့ ပြန်ပြီးသုံးသပ်စေချင်ပါတယ်။ ဆရာဆရာမတွေအနေနဲ့လည်း ကိုယ်သင်ခဲ့တဲ့ပညာတွေကိုအလွဲမလုပ်ကြစေချင်ပါဘူး။ အနန္တောအနန္တငါးပါးမှာပါခဲ့တဲ့ ကျွန်မတို့လို ဆရာ ဆရာမတွေရဲ့ဂုဏ်ကိုငဲ့ကြည့်ကြပါလို့ပဲ ကျွန်မတောင်းဆိုချင်ပါတယ်။ နောက်ပြီး အခု ကျွန်မတာဝန်ကျတဲ့ကျောင်းဆို ကျွန်မတို့ အလယ်တန်းကျောင်းသူဘဝကတည်းက အဆင့်ဆင့်တိုးတက်ပြောင်းလဲဖွံ့ခဲ့ရတဲ့ကျောင်းပါ။ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)ကနေ ဒီနေ့လို အထက်တန်းကျောင်းဖြစ်ဖို့ ဆရာ ဆရာမတွေ၊ ကျောင်းသားမိဘတွေနဲ့ ကျောင်းသား ကျောင်းသူတွေအတူ အောင်ချက်တွေကောင်းအောင် အပင်ပန်းခံကြိုးစားခဲ့ရတာပါ။ အခုဆို ဆန္ဒပြတဲ့သူတွေက ကျောင်းတွေကို မီးရှို့ဖျက်ဆီးတာတွေမြင်ရတော့ ကျွန်မရင်ထဲ တော်တော်စိတ်မကောင်းဖြစ်ရပါတယ်။ ဒီလိုစာသင်ကျောင်းတစ်ကျောင်းဖြစ်ဖို့ ကျွန်မတို့ရဲ့ ရှေ့က ဆရာကြီး ဆရာမကြီးတွေ၊ ကျောင်းသားမိဘတွေ၊ နောက်ဆုံး နိုင်ငံတော်က ထည့်ဝင်မတည်ငွေတွေ အများကြီးရင်းနှီးခဲ့ရတာပါ။ အဲဒီလို ရုပ်ဝတ္ထုငွေကြေးတွေ ရင်းနှီးခဲ့ရတာထက် အချိန်တွေအများကြီးရင်းပြီးမှ ဒီလိုကျောင်းတစ်ကျောင်း အောင်မြင်ခဲ့တာပါ။ သူတို့ဖျက်ဆီးတာ စာသင်ကျောင်းဆောင်လေးတစ်ဆောင် အချိန်အားဖြင့် ခဏလေးဆိုပေမယ့် အဲဒီလို ကျောင်းဆောင်လေးဖြစ်ဖို့ အဘက်ဘက်က အများကြီးပေးဆပ်ထားရပါတယ်။ နောက်ပြီး အဲဒီစာသင်ကျောင်းဆောင်လေးကနေ မွေးထုတ်ပေးခဲ့တဲ့ သားကောင်းသမီးကောင်းရတနာလေးတွေအများကြီး ရှိခဲ့တယ်ဆိုတာရယ်၊ ဆက်ပြီးတော့လည်း မွေးထုတ်ပေးနေဦးမယ်ဆိုတာကိုလည်း မမေ့ကြစေချင်တာပါ။ ဒီလို ကိုယ့်ပြည်သူပြည်သားတွေအတွက် အကျိုးရှိတဲ့နေရာတွေကို ဖျက်ဆီးတာ တော်တော်တရားလွန်တယ်လို့ ကျွန်မကတော့ထင်ပါတယ်။ အခုလို အဖျက်လုပ်ရပ်တွေလုပ်ဖို့ အကြံဉာဏ်ထွက်တဲ့ ဦးနှောက်တွေ၊ ဦးဆောင်သူတွေ၊ နောက်လိုက်တွေ အကုန်လုံးဟာ အသိဉာဏ်မဲ့နေတဲ့၊ ဦးနှောက်အခန်းတွေ ပျက်နေတဲ့၊ စိတ်အခြေအနေမှုမမှန်တော့တဲ့ သူတွေများဖြစ်ကုန်ကြပြီလားလို့လည်း တွေးနေမိပါတယ်။ အဲဒီလို လုပ်ရပ်တွေကိုလည်း ရှုတ်ချချင်ပါတယ်။ အဲဒီလိုလုပ်တဲ့သူတွေကိုလည်း အမြန်ဆုံးအရေးယူပေးပါ။ အမြန်ဆုံးရှင်းပေးပါလို့ ပြောချင်ပါတယ်”ဟု အထက်တန်းပြ ဆရာမတစ်ဦးဖြစ်သူ ဒေါ်ညိုညိုသွယ်က သူ့ရဲ့ခံစားချက်များကို ပြောပြခဲ့ပါတယ်။

“ကျွန်တော်ကတော့ အိမ်တွင်းအသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်နေတဲ့သူတစ်ဦးပါ။ ကျွန်တော်တို့ ဒေသထွက်ကုန်ပစ္စည်းတွေကို အဆင့်မြှင့်တင်ပြီး အနယ်နယ်အရပ်ရပ်ကိုပို့တဲ့ လုပ်ငန်းကိုလုပ်နေတာပါ။ ရန်ကုန်၊ မြစ်ကြီးနား၊ နေပြည်တော်တို့ကို အဓိကတင်ပို့ရောင်းချပေးနေတာပါ။ အရင်ကဆို အော်ဒါတွေအများကြီးရလို့ အိမ်မှာ အလုပ်သမား ၁၀ ယောက်၊ ၁၅ ယောက်လောက် ခေါ်ထားရတယ်။ သူတို့လည်းအဆင်ပြေ၊ ကိုယ်လည်းအလုပ်အောင်မြင်တော့ မိသားစုတွေလိုပဲ ပျော်ပျော်ပါးပါးလုပ်ကြ၊ ကိုင်ကြတာပေါ့။ အခုတော့ ဝန်ထမ်းတွေကလည်း CDM လုပ်၊ ဆန္ဒပြတဲ့သူကပြ၊ အကြမ်းဖက်တာတွေလည်းရှိတော့ အရင်လိုကုန်မှာတာတွေလည်း မရှိကြတော့ဘူး။ မှာပြန်တော့လည်း လမ်းတွေမှာက ဆန္ဒပြတဲ့လူအုပ်တွေကို ရှောင်ရတာကတစ်မျိုး၊ သတင်းပေးဆိုပြီး အကြမ်းဖက်ခံရမှာ ကြောက်နေရတာကတစ်မျိုးနဲ့ ကားသမားတွေကလည်း မထွက်ရဲတော့ဘူး။ အဲဒီတော့ ပစ္စည်းတွေလည်း ပို့လို့မရတော့ဘူး။ ကျွန်တော်တို့အလုပ်တွေ ရပ်ထားရတော့ အိမ်မှာလုပ်နေတဲ့ အလုပ်သမားတွေအတွက်လည်း အလုပ်တွေနားထားရတယ်။ ဒါပေမယ့် သူတို့ကိုမှီခိုနေတဲ့မိသားစုတွေကလည်းရှိနေတော့ အဆင်ပြေအောင်ရှိတဲ့အလုပ်လေးမျှခိုင်း၊ မျှလုပ်နေရပေမယ့် ကြာလာရင်တော့ ကျွန်တော်တို့လုပ်ငန်းအတွက် အခက်တွေ့နိုင်ပါတယ်။ ဒါကြောင့် အခုလိုဆန္ဒပြတာတွေ၊ ဆူပူအကြမ်းဖက်တာတွေကို အမြန်ဆုံးဖြေရှင်းပေးပြီး အဆုံးသတ်ပေးပါ။ အရင်လို အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံ၊ စိတ်ဖြောင့်ဖြောင့်နဲ့ စီးပွားရေးပြန်လုပ်ချင်ပါတယ်”ဟု အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ကိုတင့်နိုင်က သူ့ရဲ့အခက်အခဲ၊ ခံစားချက်တွေကို ပြောပြခဲ့ပါတယ်။

“ကျွန်တော်ကတော့ တောင်သူလုပ်ပါတယ်။ ကျွန်တော့်မှာ သားသမီးသုံးယောက်ရှိပါတယ်။ သားအငယ်ဆုံးတစ်ယောက်ကိုပဲ ပညာရေးဆုံးခန်းတိုင်အောင်ထားပြီး ဝန်ထမ်းအလုပ်လုပ်စေခဲ့ပါတယ်။ အရင်တုန်းကတော့ သူ့အလုပ်နဲ့သူမို့ ချမ်းသာတာ၊ မချမ်းသာတာအသာထား ဂုဏ်ယူကျေနပ်နေခဲ့ရတာပေါ့ဗျာ။ အခုတော့ နိုင်ငံရေးအခြေအနေက မထင်မှတ်တဲ့ အပြောင်းအလဲဖြစ်သွားတာကို သူတို့က အာဏာဖီဆန်တယ်ဆိုလား၊ CDM လုပ်တယ်ဆိုပြီး ရွာကိုပြန်လာတယ်လေ။ ကျွန်တော်ကတော့ စိတ်မကောင်းဖြစ်တာပေါ့ဗျာ။ ကျွန်တော်ကတော့ ကျွန်တော့်လို တောင်သူအလုပ်တွေကို ပင်ပင်ပန်းပန်းမလုပ်စေချင်လို့ ပညာတွေသင်ပေး၊ တစ်နယ်တစ်ကျေးမှာ ခွဲထားပြီး ဒီအစိုးရဝန်ထမ်းအလုပ်ကို လုပ်ခိုင်းထားရတာလေ။ အခုလိုတွေတော့ မလုပ်စေချင်ပါဘူးဗျာ။ ကျွန်တော့်သားဘဝအတွက် ကျွန်တော်ရည်မှန်းထားတဲ့ဘဝက ဒီလိုအဆုံးသတ်သွားဖို့မဟုတ်ဘူးလေ။ ဒါပေမယ့် ကိုယ့်သားသမီးဖြစ်လေတော့ ပစ်ပယ်ထားလို့ကလည်း မရဘူးလေ။ ဒါကြောင့် မင်းပြန်လာလည်း အကြောင်းမဟုတ်ပါဘူးကွာ။ အဖေနဲ့အတူ တောင်သူပြန်လုပ်ကြတာပေါ့လို့ မင်းပြန်လာတော့ အဖေလည်း လုပ်အားတိုးတာပေါ့ကွာလို့ပဲ ပြောရတော့တယ်။ ဒီကလေးက ငယ်ငယ်ကတည်းက ပညာရေးတစ်ခုပဲ အားထုတ်ခဲ့ရတဲ့သူလေ။ တစ်ပတ်လောက်နေတော့ သူ့ဌာနကလည်းပြန်ခေါ်ရော ကျွန်တော်တို့မိဘတွေကို ကန်တော့ပြီး သူ့အလုပ်ကို ပြန်သွားတော့မယ်ဆိုပြီး ပြန်သွားလေရော့ဗျာ။ ဘာပဲပြောပြော သူ့ဟာနဲ့သူ အသိတရားရသွားတော့ ဝမ်းသာရတာပေါ့ဗျာ။ ကျွန်တော်ကတော့ ကျွန်တော်နားလည်ထားတဲ့အတိုင်း နိုင်ငံရေးအမြင်ကို ပြောပြချင်ပါတယ်။ ဘယ်အစိုးရပဲတက်တက် သူတို့လည်း သူတို့အလုပ်ကို သူတို့လုပ်ရသလို ကျွန်တော်တို့တောင်သူတွေကလည်း ကိုယ့်တောင်သူအလုပ်ကို ကိုယ်လုပ်ခဲ့ရတာပါပဲဗျာ။ ဒီလိုလုပ်တာကလည်း နိုင်ငံသားတစ်ဦး၊ လူသားတစ်ဦးရဲ့တာဝန်ပဲလို့ ကျွန်တော်ကတော့ ထင်တယ်လေ။ ဒီလိုမှမဟုတ်ရင် ကျွန်တော်တို့တွေ ရှင်သန်ရပ်တည်ဖို့ ခက်ကုန်မှာပေါ့ဗျာ။ ကျွန်တော့်သားလိုအဖြစ်မျိုးတွေ လူငယ်တွေအများအပြားနဲ့ ကျွန်တော့်လို မိဘတွေလည်း အများကြီးရှိနေမယ်လို့ထင်တယ်ဗျာ။ သားသမီးချင်းကိုယ်ချင်းစာလို့ လူငယ်တွေကိုလည်း အမြင်မှန်ရစေချင်တယ်ဗျာ။ မိဘတွေကိုလည်း ဘဝတူတွေမို့ သားသမီးတွေကို နားချပြီး လမ်းမှန်ပို့ပေးနိုင်ကြပါစေလို့ ဆုတောင်းတယ်ဗျာ။ အခုဆို ဆူပူအကြမ်းဖက်တဲ့လုပ်ရပ်တွေ တော်တော်များများ တွေ့လာ၊ ကြားလာရတော့ ပိုလို့တောင် စိတ်မကောင်းဘူးပေါ့ဗျာ။ ကိုယ့်လူမျိုးအချင်းချင်း၊ မိတ်ဆွေအချင်းချင်းတွေကို ရန်သူတွေလို ပြုမူပြောဆိုနေကြပြီး ဘာသာ၊ သာသနာကို စော်ကားပြစ်မှားနေကြတာမြင်ရတော့ ရင်တွေလည်း နာတယ်ဗျာ။ ဘယ်လိုမျိုးပိုင်းကူဖြေရှင်းပေးဖို့မသိပေမယ့် အမြန်ဆုံးပြန်လည်အေးချမ်းဖို့ ကူလို့ရရင် ဘယ်နေရာကပဲဖြစ်ဖြစ် ကူပေးချင်ပါတယ်ဗျာ”ဟု ပြည်သူတစ်ဦးဖြစ်သူ ဦးမောင်မောင်သန်းက သူ့ခံစားချက်များကို ပြောပြသွားခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်ဘုန်းမြတ်**

## မေ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၃-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၄-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၂၃၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၄,၁၄၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၁၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော်  ဧပြီ ၄

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအား ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့်ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင် အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

## ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ALINNYAUNG https://www.facebook.com/ALINNYAUNGOFFICIAL | အလင်းရောင်  | ဗဟန်းမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၂ | May Myat Noe https://www.facebook.com/maymyatnoeofficialpage | မေမြတ်နိုး  | ဒေါပုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၃ | Nwe Darli Tun https://www.facebook.com/sweetjuly7777 | နွယ်ဒါလီထွန်း  | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၄ | Naw Phaw Eh Htar https://www.facebook.com/NawPhawEhHtarOfficial/ | နော်ဖော်အယ်ထား  | လှိုင်သာယာ(အရှေ့)မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၅ | May Madi https://www.facebook.com/profile.php?id=100008401147285 | မေမဒီ  | ဒဂုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၆ | Aye Nyein Swe https://www.facebook.com/aye.nyeinswe.12 | အေးငြိမ်းဆွေ  | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၇ | Yan Yan Chan https://www.facebook.com/YanYanChanOfficial | ရန်ရန်ချမ်း  | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၈ | Min Thway Hlan https://www.facebook.com/minthway.hlan.3 | မင်းသွေးလျှံ  | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၉ | Htoo Paing Zaw Oo https://www.facebook.com/htoopaingzawoo | ထူးပိုင်ဇော်  | တာမွေမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၀ | Chue Pann Nwe https://www.facebook.com/chuepann.nwe | ချြူးပန်းနွယ်  | ဒေါပုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၁ | Thet Htar Susan https://www.facebook.com/helen.susan.73 | သက်ထားစုစံ  | အမှတ်(၈၁၃)၊ နတ်ရေကန်(၁)လမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၂ | May https://www.facebook.com/mayofficial.mm | မေ  | ခရမ်းမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၃ | တီမိခ https://www.facebook.com/profile.php?id=100024641623220 | ညီညီထွန်း  | ထက်အောင်ဝင်း၊ ဆေး၊ အလှကုန်နှင့် ကုန်မျိုးစုံရောင်းဝယ်ရေး၊ သန်းချိုလမ်းဆုံ၊ ထားဝယ်မြို့ | ၅၀၅-က |  |
| ၁၄ | Yan Naing Bo https://www.facebook.com/yan.bo.9 | ရန်နိုင်ဗိုလ်  | Education Center-1၊ အမှတ် (၆၈)၊ ၄ လွှာ၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၅ | Kyaw Kyaw Sai https://www.facebook.com/drkyawkyawsai | ဒေါက်တာ ကျော်ကျော်စိုင်း  | ကမာရွတ်မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၆ | Sai Kaung Htet Zaw https://www.facebook.com/profile.php?id=100003029362338 | ဒေါက်တာစိုင်းကောင်းထက်ဇော်  | မကွေးမြို့၊ မကွေး | ၅၀၅-က |  |
| ၁၇ | May Thu https://www.facebook.com/profile.php?id=100006297248680 | မေသူဝင်း  | တော်ဝင်စင်တာ၊ မြေညီထပ်၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၈ | Eiei Aung https://www.facebook.com/eiei.aung.71697 | အိအိအောင်  | ယုဇနဥယျာဉ် မြို့တော်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန် | ၅၀၅-က |  |
| ၁၉ | Julia Khinsweaye https://www.facebook.com/julia.khinsweaye | ခင်ဆွေအေး  | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၂၀ | Wai Wai Zin (Devil Wai) https://www.facebook.com/100008049333507 | နိုင်ဝေဝေဇင်  | လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်နှင့် တနိုင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် ချီဖွေမြို့နယ် မဲရုံပေါင်း ၄၇ ရုံ | ၁၂၉၆၃ | ၉၂၉၁ | ၁၀၄၄ | ၄၆ | ၉၉၆ |
| ၂ | ကချင်ပြည်နယ် တနိုင်းမြို့နယ် မဲရုံပေါင်း ၂၃ ရုံ | ၃၄၃၄၉ | ၁၅၇၉၂ | ၄၃၈၇ | ၁၂၉ | ၂၁၀၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်နှင့် တနိုင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၇၀ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၄၁၂၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၀၂၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၁၀၉၉၊ မြေပြင်လက်ကျန် ၂၁၁၁၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၈ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ချီဖွေမြို့နယ် | ၄၇ | ၁၅၃၃၉ | ၁၀၂၀၀ | ၅၁၃၉ | ၅၁၃၃ | ၂၅ | ၁၉ |
| ၂ | တနိုင်းမြို့နယ် | ၂၃ | ၃၈၇၈၃ | ၂၂၈၂၃ | ၁၅၉၆၀ | ၁၅၉၇၈ | ၁၃ | ၃၁ |
| | စုစုပေါင်း | ၇၀ | ၅၄၁၂၂ | ၃၃၀၂၃ | ၂၁၀၉၉ | ၂၁၁၁၁ | ၃၈ | ၅၀ |

ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်တွင် ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၃ အုပ်စု၊ မဲရုံပေါင်း ၄၇ ရုံတို့မှ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၂၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၉၆၄ ဖြစ်သဖြင့် ကျန်ရှိရမည့် အရေအတွက်မှာ ၄၂၈၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၃၀၅ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် မဲလက်မှတ် ၁၉ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၆။ ချီဖွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ဆန္ဒမဲလက်မှတ်အရေအတွက် ၁၀၈၉ ထုတ်ယူခဲ့ပြီး ၂၃၆ စောင် အသုံးပြုခဲ့သဖြင့် ၈၅၃ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၂၈ စောင်သာ ကျန်ရှိသဖြင့် ၂၅ စောင် လျော့နည်းနေပြီး မဲလက်မှတ်တစ်အုပ်တွင် ပါရှိရမည့် သတ်မှတ်အရေအတွက် အစောင် ၅၀ မပြည့်သောကြောင့်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၇။ ချီဖွေမြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် မဲလက်မှတ် အပိုများနှင့် လျော့နည်း/ ပျောက်ဆုံးမှုများရှိပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၄၂၅၀ | ၉၉၆၄ | ၄၂၈၆ | ၄၃၀၅ | | ၁၉ |
| ၂ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၈၉ | ၂၃၆ | ၈၅၃ | ၈၂၈ | ၂၅ | |
| | စုစုပေါင်း | ၁၅၃၃၉ | ၁၀၂၀၀ | ၅၁၃၉ | ၅၁၃၃ | ၂၅ | ၁၉ |

၈။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရစ်လောခေါင်ရပ်ကွက် | ၁ | ၁၁၀၀ | ၈၆၀ | ၂၄၀ | ၂၅၄ | | ၁၄ |
| ၂ | ဥက္ကာပ်ရပ်ကွက် | ၁ | ၄၅၀ | ၃၈၈ | ၆၂ | ၆၂ | | |
| ၃ | ဘာလဲ့ဒမ်ရပ်ကွက် | ၁ | ၂၅၀ | ၂၁၂ | ၃၈ | ၃၈ | | |
| ၄ | ကန်ပိုင်ယံရပ်ကွက် | ၁ | ၁၀၀ | ၈၃ | ၁၇ | ၁၇ | | |
| ၅ | လိုင်မာယန်ကျေးရွာအုပ်စု | ၁ | ၁၀၀ | ၅၉ | ၄၁ | ၄၁ | | |
| ၆ | နာမော်ဇွပ်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၁၃ | ၃၇ | ၃၇ | | |
| ၇ | တမူးကျေးရွာအုပ်စု | ၁ | ၁၀၀ | ၆၃ | ၃၇ | ၃၇ | | |
| ၈ | ရှမ်းကျော်ကျေးရွာအုပ်စု | ၁ | ၁၀၀ | ၇၉ | ၂၁ | ၂၁ | | |
| ၉ | ဘန့်လီကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၃၆ | ၆၄ | ၆၄ | | |
| ၁၀ | မဂေါင်ကျေးရွာအုပ်စု | ၂ | ၄၅၀ | ၂၆၀ | ၁၉၀ | ၁၉၀ | | |
| ၁၁ | မံစံကျေးရွာအုပ်စု | ၁ | ၁၀၀ | ၄၀ | ၆၀ | ၆၅ | | ၅ |
| ၁၂ | လောခေါင်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၂၅ | ၂၅ | ၂၅ | | |
| ၁၃ | ရှပ်ချောင်ကျေးရွာအုပ်စု | ၁ | ၅၀ | ၂၅ | ၂၅ | ၂၅ | | |
| ၁၄ | ဂျစ်လိုင်ကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၉၁ | ၅၉ | ၅၉ | | |
| ၁၅ | ရစ်ကျော်ကျေးရွာအုပ်စု | ၁ | ၅၀ | ၃၉ | ၁၁ | ၁၁ | | |
| ၁၆ | မောင်ဂုန်ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၄၅ | ၅၅ | ၅၅ | | |
| ၁၇ | ကျင်ထုံးကျေးရွာအုပ်စု | ၁ | ၁၀၀ | ၇၂ | ၂၈ | ၂၈ | | |
| ၁၈ | လန်းကျောကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၆၀ | ၉၀ | ၉၀ | | |
| ၁၉ | လုပိကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၆၄ | ၄၃၆ | ၄၃၆ | | |
| ၂၀ | အမှတ်(၁)ရပ်ကွက်ပေန်ဝါမြို့ | ၁ | ၃၀၀ | ၁၉၄ | ၁၀၆ | ၁၀၆ | | |
| ၂၁ | အမှတ်(၂)ရပ်ကွက်ပေန်ဝါမြို့ | ၁ | ၆၀၀ | ၄၂၁ | ၁၇၉ | ၁၇၉ | | |
| ၂၂ | အမှတ်(၃)ရပ်ကွက်ပေန်ဝါမြို့ | ၁ | ၄၅၀ | ၂၉၉ | ၁၅၁ | ၁၅၁ | | |
| ၂၃ | လန်ယန်ကျေးရွာအုပ်စု | ၃ | ၄၅၀ | ၂၇၈ | ၁၇၂ | ၁၇၂ | | |
| ၂၄ | ထောဂေါကျေးရွာအုပ်စု | ၁ | ၁၀၀ | ၇၃ | ၂၇ | ၂၇ | | |
| ၂၅ | ဇီလပ်ကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၇၃ | ၇၇ | ၇၇ | | |
| ၂၆ | လဝေ့ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၃ | ၁၂၇ | ၁၂၇ | | |
| ၂၇ | ဘောမ်မြန်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၂၇ | ၂၃ | ၂၃ | | |
| ၂၈ | ဂမ်ခွန်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၄၆ | ၂၅၄ | ၂၅၄ | | |
| ၂၉ | ထွမ်းရှိန်ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၄၄ | ၅၆ | ၅၆ | | |
| ၃၀ | ရှီးကျန်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၄ | ၁၂၆ | ၁၂၆ | | |
| ၃၁ | နဇုန်ဘောင်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၁၂၅ | ၂၅ | ၂၅ | | |
| ၃၂ | ဂေါ့ယွမ်ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၃၆ | ၆၄ | ၆၄ | | |
| ၃၃ | ချစ်ဂေါ့ကျေးရွာအုပ်စု | ၃ | ၆၅၀ | ၃၃၅ | ၃၁၅ | ၃၁၅ | | |
| ၃၄ | ဖိမော်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၀၇ | ၁၄၃ | ၁၄၃ | | |
| ၃၅ | လုတ်နေ့ဘျန်ကျေးရွာအုပ်စု | ၂ | ၅၅၀ | ၃၂၄ | ၂၂၆ | ၂၂၆ | | |
| ၃၆ | ထန်းဒုန်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၇၉ | ၁၇၁ | ၁၇၁ | | |
| ၃၇ | လငေါ်ခေါ်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၃၀ | ၁၂၀ | ၁၂၀ | | |
| ၃၈ | ကန်းဖန့်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၆၉ | ၂၃၁ | ၂၃၁ | | |
| ၃၉ | ဆာဒူလောကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၇၃ | ၇၇ | ၇၇ | | |
| ၄၀ | ငွါးဖခါးကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၇၀ | ၈၀ | ၈၀ | | |
| | ရပ်/ကျေးချုပ်မဲလက်မှတ် | ၄၇ | ၁၄၂၅၀ | ၉၉၆၄ | ၄၂၈၆ | ၄၃၀၅ | | ၁၉ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၈၉ | ၂၃၆ | ၈၅၃ | ၈၂၈ | ၂၅ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၄၇ | ၁၅၃၃၉ | ၁၀၂၀၀ | ၅၁၃၉ | ၅၁၃၃ | ၂၅ | ၁၉ |

တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈ အုပ်စု၊ မဲရုံပေါင်း ၂၃ ရုံ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၄၉၀၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သောလက်မှတ်ဖြတ်ပိုင်းများမှာ ၂၁၉၁၅၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၂၉၈၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၃၀၀၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၄၉၀၀ | ၂၁၉၁၅ | ၁၂၉၈၅ | ၁၃၀၀၃ | ၁၃ | ၃၁ |
| ၂ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၈၈၃ | ၉၀၈ | ၂၉၇၅ | ၂၉၇၅ | | |
| | စုစုပေါင်း | ၃၈၇၈၃ | ၂၂၈၂၃ | ၁၅၉၆၀ | ၁၅၉၇၈ | ၁၃ | ၃၁ |

၁၀။ တနိုင်းမြို့နယ် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈ အုပ်စု မဲရုံပေါင်း ၂၃ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၃ စောင် ပျောက်ဆုံးနေပြီး ၃၁ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်တွင် ကျန်ရှိရမည့် မဲလက်မှတ် အရေအတွက် ၂၉၇၅ ဖြစ်ပြီး မြေပြင်လက်ကျန်တွင်လည်း ၂၉၇၅ ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

စာမျက်နှာ ၁၉ သို့ »»

»» စာမျက်နှာ ၁၈ မှ

၁၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မုန်ဒိန်ကောင်းရပ်ကွက် | ၁ | ၁၆၅၀ | ၁၀၀၈ | ၆၄၂ | ၆၄၂ | | |
| ၂ | ဆွတ်ဒိုင်ရပ်ကွက် | ၁ | ၃၄၀၀ | ၁၈၉၈ | ၁၅၀၂ | ၁၅၀၂ | | |
| ၃ | ဟူးကောင်းရပ်ကွက် | ၁ | ၂၂၀၀ | ၁၄၁၀ | ၇၉၀ | ၇၉၂ | | ၂ |
| ၄ | ကင်ဆားရပ်ကွက် | ၂ | ၃၈၀၀ | ၂၁၈၃ | ၁၆၁၇ | ၁၆၂၁ | | ၄ |
| ၅ | ဒူးကောင်းရပ်ကွက် | ၁ | ၂၉၅၀ | ၁၈၆၂ | ၁၀၈၈ | ၁၀၉၂ | | ၄ |
| ၆ | နောင်လုံကောင်ရာ ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၃၀ | ၄၂၀ | ၄၂၄ | | ၄ |
| ၇ | နမ်ဖျက်ယန်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၄၅၃ | ၄၄၇ | ၄၄၇ | | |
| ၈ | တိန်ကောက်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၇၁ | ၂၇၉ | ၂၇၉ | | |
| ၉ | မိုင်းခွန်းကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၄၉၉ | ၇၅၁ | ၇၅၁ | | |
| ၁၀ | ဆင်ဆဘ့ကောင်းရပ်ကွက် | ၁ | ၂၄၅၀ | ၁၄၄၀ | ၁၀၁၀ | ၁၀၁၆ | | ၆ |
| ၁၁ | ပုန်ခုန်ကောင်းရပ်ကွက် | ၁ | ၂၅၅၀ | ၁၇၁၃ | ၈၃၇ | ၈၃၅ | ၂ | |
| ၁၂ | အမှတ်(၁)ရပ်ကွက်၊ ရှင်ဗွေယန်မြို့ | ၁ | ၄၀၀ | ၂၈၇ | ၁၁၃ | ၁၀၉ | ၄ | |
| ၁၃ | အမှတ်(၂)ရပ်ကွက်၊ ရှင်ဗွေယန်မြို့ | ၁ | ၈၀၀ | ၅၇၁ | ၂၂၉ | ၂၂၉ | | |
| ၁၄ | အမှတ်(၃)ရပ်ကွက်၊ ရှင်ဗွေယန်မြို့ | ၁ | ၁၄၀၀ | ၉၀၇ | ၄၉၃ | ၄၉၆ | | ၃ |
| ၁၅ | အမှတ်(၄)ရပ်ကွက်၊ ရှင်ဗွေယန်မြို့ | ၁ | ၃၀၀ | ၂၂၈ | ၇၂ | ၇၂ | | |
| ၁၆ | မကောကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၂၂၆၄ | ၁၁၃၆ | ၁၁၄၄ | | ၈ |
| ၁၇ | ရှင်လုံးဂါးကျေးရွာအုပ်စု | ၁ | ၂၅၀ | ၁၃၃ | ၁၁၇ | ၁၁၇ | | |
| ၁၈ | ခလုန်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၃၇ | ၃၆၃ | ၃၆၃ | | |
| ၁၉ | တရုံကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၁၉၂၁ | ၁၀၇၉ | ၁၀၇၂ | ၇ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၃ | ၃၄၉၀၀ | ၂၁၉၁၅ | ၁၂၉၈၅ | ၁၃၀၀၃ | ၁၃ | ၃၁ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၃၈၈၃ | ၉၀၈ | ၂၉၇၅ | ၂၉၇၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၃ | ၃၈၇၈၃ | ၂၂၈၂၃ | ၁၅၉၆၀ | ၁၅၉၇၈ | ၁၃ | ၃၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၄

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် ၁၀ မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၅၄ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၃၈၃၁၂၆ | ၂၃၈၉၄၆၃၂ | ၅၆၈၅၁၃ |
| ၂။ | ဘရာဇီး | ၁၂၉၅၃၅၉၇ | ၁၁၃၀၅၇၄၆ | ၃၃၀၂၉၇ |
| ၃။ | အိန္ဒိယ | ၁၂၄၈၅၅၀၉ | ၁၁၆၂၉၂၈၉ | ၁၆၄၆၅၅ |
| ၄။ | ပြင်သစ် | ၄၇၄၁၇၅၉ | ၂၉၇၇၃၄ | ၉၆၄၉၃ |
| ၅။ | ရုရှား | ၄၅၈၀၈၉၄ | ၄၂၀၄၀၈၁ | ၁၀၀၃၇၄ |
| ၆။ | ဗြိတိန် | ၄၃၅၇၀၉၁ | ၃၈၈၈၄၅၅ | ၁၂၆၈၂၆ |
| ၇။ | အီတလီ | ၃၆၅၀၂၄၇ | ၂၉၇၄၆၈၈ | ၁၁၀၇၀၄ |
| ၈။ | တူရကီ | ၃၄၄၅၀၅၂ | ၃၀၈၂၆၇၆ | ၃၂၀၇၈ |
| ၉။ | စပိန် | ၃၃၀၀၉၆၅ | ၃၀၅၄၇၂၅ | ၇၅၆၉၈ |
| ၁၀။ | ဂျာမနီ | ၂၈၈၆၀၂၀ | ၂၅၆၉၄၀၀ | ၇၇၅၀၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၃၄၂၅၅ | ၁၃၇၅၈၇၇ | ၄၁၆၆၉ |
| ၂။ | ဖိလစ်ပိုင် | ၇၉၅၀၅၁ | ၆၄၆၁၀၀ | ၁၃၄၂၅ |
| ၃။ | မလေးရှား | ၃၅၀၉၅၉ | ၃၃၅၁၆၂ | ၁၂၈၈ |
| ၄။ | မြန်မာ | ၁၄၂၅၁၁ | ၁၃၁၈၁၅ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၄၇၈ | ၆၀၁၈၅ | ၃၀ |
| ၆။ | ထိုင်း | ၂၉၁၂၇ | ၂၇၇၇၄ | ၉၅ |
| ၇။ | ကမ္ဘောဒီးယား | ၂၆၈၉ | ၁၆၅၃ | ၁၉ |
| ၈။ | ဗီယက်နမ် | ၂၆၃၁ | ၂၃၈၃ | ၃၅ |
| ၉။ | ဘရူနိုင်း | ၂၀၄ | ၁၃၁ | ၁ |
| ၁၀။ | လာအို | ၄၉ | ၄၆ | ၀ |

# ဝက်သက်ရောဂါမဖြစ်စေရေး

ပေါက်ပေါက်

ဝက်သက်ရောဂါအကြောင်း သိကောင်းစရာ

နှစ်တစ်နှစ်၏ ပထမခြောက်လဖြစ်သော ဇန်နဝါရီလမှ ဇွန်လကို "ဝက်သက်ရာသီ"ဟု ခေါ်ဆိုလေ့ရှိသည်။ ဝက်သက်ရောဂါသည် လွန်စွာကူးစက်လွယ်သော ဝက်သက်ဗိုင်းရပ်စ်ပိုး (Measles Virus) ကြောင့် ဖြစ်ပွားရပြီး ရောဂါရှင်ကလေးထံမှ နှာမှုန်း၊ ချောင်းဆိုး၊ စကားပြောခြင်းဖြင့် လေထဲသို့ ရောက်ရှိလာသော ဗိုင်းရပ်စ်ပိုးများကို ရှူရှိုက်မိရာမှ ကူးစက်ခြင်းဖြစ်သည်။ မြန်မာပြည်တွင်း ဝက်သက်ရောဂါ ဖြစ်ပွားမှုနှုန်းကို နှိုင်းယှဉ်ကြည့်ရာတွင် ခုခံအားနည်းပါးသော ကလေးများနှင့် ငွေကြေးချို့တဲ့သောမိသားစုမှ မွေးဖွားသည့် ကလေးများတွင် ပိုမိုဖြစ်ပွားနေသည်ကို တွေ့ရသည်။ အသက်အရွယ် အပိုင်းအခြားအားဖြင့် ပျမ်းမျှ ကိုးလသားမှ နှစ်နှစ်သားအရွယ်တွင် အများဆုံး ဖြစ်လေ့ရှိပြီး အသက် ၁၅ နှစ်အောက်အရွယ်အထိ ဖြစ်တတ်သည်။ ထို့ပြင် ကြီးမှ ဝက်သက်ပေါက်ဆိုသည့် စကားအတိုင်း အသက် ၂၀ ကျော် ၃၀ အရွယ် လူကြီးများတွင်လည်း ဖြစ်တတ်သည်။

ရောဂါပိုးစတင်ဝင်ရောက်သည်မှ ရောဂါလက္ခဏာများ ပေါ်ပေါက်ချိန်အထိ ခုနစ်ရက်မှ ၁၈ ရက်အထိ ကြာတတ်ပြီး ပျမ်းမျှ ၁၄ ရက်ကြာမြင့်တတ်ပါသည်။ ဖျားနာပြီးနောက် အနီရောင်အဖုအပိမ့်များထွက်ကာ ခန္ဓာကိုယ်အနှံ့ အဖုအပိမ့်များ စုံသည့်အခါ ရေချိုးချလိုက်ရုံဖြင့် ဝက်သက်ရောဂါပျောက်ပြီဟု လူတချို့က ထင်မှတ်မှားနေကြသည်။ အမှန်စင်စစ် ဝက်သက်သည် အပေါ်ယံသာမြင်ရသော အရေပြားပေါ်တွင်သာ ဖြစ်သည့် ရိုးရှင်းသောရောဂါမျိုး မဟုတ်ပေ။ အဆုတ်၊ အူလမ်းကြောင်း စသည့် ကိုယ်တွင်းကိုယ်ပ ပျံ့နှံ့ဖြစ်ပေါ်သော ရောဂါမျိုးဖြစ်၍ မပေါ့ဆသင့်ပေ။ ကိုယ်ဝန်ဆောင်စဉ် ဝက်သက်ဖြစ်ပါက ကိုယ်ဝန်ပျက်ကျခြင်း၊ ပေါင်မပြည့် လမစေ့သော ကလေးမွေးခြင်း စသည်တို့ ဖြစ်စေနိုင်ပါသည်။

အမေရိကန်ပြည်ထောင်စုရှိ မေယိုဆေးခန်းမှ သုတေသီတို့ တွေ့ရှိထားချက်အရ ဝက်သက်ရောဂါ ကူးစက်မှုမြန်ဆန်ရခြင်းသည် လေပြွန်ရှိဆဲလ်များကို ဝက်သက်ဗိုင်းရပ်စ်ပိုး (Measles Virus)၏ ကူးစက်နိုင်သောစွမ်းရည်နှင့် ကူးစက်ပြီးနောက် ချောင်းဆိုးခြင်းဖြစ်အောင် လှုံ့ဆော်ပြီး ၎င်းလူနာ၏လည်ချောင်းမှ ထွက်ခွာအောင်လုပ်နိုင်သည့် စွမ်းရည်ကြောင့်ဖြစ်ကြောင်း သိရသည်။ ကူးစက်မြန်ဆန် ဝက်သက်ဗိုင်းရပ်စ်ပိုးများသည် လေပြွန်မှာတည်ရှိနေသော Nectin-4 ပရိုတင်းဟု ဖော်ပြသည့် ဆဲလ်များကို ပစ်မှတ်ထားသည်။



၂၀၁၉ ခုနှစ်က ဝက်သက်ကာကွယ်ဆေး Measles Vaccine ကို တီထွင်ဖော်ထုတ်နိုင်ခဲ့သော်လည်း ယင်းရောဂါသည် ကမ္ဘာအနှံ့ တစ်နှစ်လျှင် ကလေး ၁၀ သန်းကျော်ကို ကူးစက်စေပြီး ၁၂၀၀၀၀ ခန့် အသက်ဆုံးရှုံးမှု ရှိနေသည်။

မြန်မာနိုင်ငံနှင့် ဝက်သက်ရောဂါ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၁၉ ခုနှစ် မှတ်တမ်းစာရင်းများအရ အရှေ့တောင်အာရှနိုင်ငံများအတွင်း ဝက်သက်ဖြစ်ပွားမှုတွင် မြန်မာနိုင်ငံက တတိယနေရာတွင်ရှိနေကြောင်း သိရသည်။ မြန်မာနိုင်ငံတွင်း ဝက်သက်ရောဂါ ကပ်ရောဂါအသွင် ဖြစ်ပွားမှုများမှာ ၂၀၁၇၊ ၂၀၁၈ ခုနှစ် နှစ်နှစ်ဆက်တိုက် ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ တစ်လကျော်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝက်သက်သံသယလူနာ ၄၃၂ ဦးရှိခဲ့ရာ ထိုကာလ၌ တစ်နိုင်ငံလုံး ရောဂါဖြစ်ပွားသူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီးမှဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ်တွင်လည်း အစုလိုက်အပြုံလိုက် ကပ်ရောဂါအသွင် ဝက်သက်ရောဂါ မဖြစ်စေရေးအတွက် ဝက်သက်ရောဂါဖြစ်ပွားမှုများပြီး ကာကွယ်ဆေး လွှမ်းခြုံမှုအားနည်းသော ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် စသည့် ဒေသသုံးခုရှိ မြို့နယ်များကို ရွေးချယ်ကာ အသက် ကိုးလမှ ၁၅ နှစ်အရွယ်ကလေးများအား ယင်းနှစ် ဖေဖော်ဝါရီလအတွင်း ကာကွယ်ဆေးအပိုဆောင်း ထိုးနှံပေးခဲ့ရသည်။ ၂၀၂၀၊ ၂၀၂၁ ခုနှစ်များတွင်လည်း အသက်အရွယ် အပိုင်းအခြားအလိုက် ဆေးထိုးစီမံချက်များ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရောဂါလက္ခဏာများ

ဝက်သက်ရောဂါဖြစ်ပွားလျှင် ကလေးသည် ရုတ်တရက် ကောက်ကာငင်ကာ အပြင်းဖျားလေ့ရှိသည်။ ဝမ်းလျှောတတ်ခြင်း၊ နှာအလယ်ခန်းရောင်ခြင်း ဖြစ်တတ်သည်။ တစ်ခါတစ်ရံ တက်ဖျားကျဖျား ဖြစ်တတ်သည်။ ကိုယ်အပူချိန်မှာ များသောအားဖြင့် ၁၀၃ - ၁၀၅ အတွင်း ရှိတတ်သည်။ ကလေးက နှာမှုန်လာပြီး မျက်လုံးများနီရဲ၍ မျက်ရည်ကျကာ ချောင်းဆိုးလာပါမည်။ ချောင်းဆိုးရလွန်းသောကြောင့် အသံပြောင်းသွားပြီး မျက်ခွံများလည်း မို့မောက်နီမြန်းလာပါလိမ့်မည်။ ကလေးသည် နေအလင်းရောင်ကို ကောင်းစွာမကြည့်နိုင်ဘဲ မကြည်မသာလည်း ဖြစ်နေတတ်ပါသည်။ နို့စို့အရွယ်ဆိုလျှင် နို့ကောင်းကောင်းမစို့နိုင်တော့ပေ။ ကလေးကြီးများဆိုလျှင် မည်သည့်အစာမျှ စားချင်စိတ်မရှိတော့ပါ။ ထိုရောဂါလက္ခဏာများဖြစ်နေချိန်တွင် ကလေးပါးစပ်ကိုဟ၍ စစ်ဆေးကြည့်မည်ဆိုပါက ပါးစပ်အတွင်းမှာ အဖြူကွက်လေးများကို တွေ့ရပါလိမ့်မည်။ ဆားပွင့်လေးများ တွယ်ကပ်နေသကဲ့သို့ ထင်ရပါသည်။

နောက်သုံး၊ လေးရက်ခန့်အကြာတွင် ပါးစပ်အတွင်းမှ အဖြူကွက်လေးများ တစ်စတစ်စ လျော့နည်းသွားပြီး အနီပြောက် အကွက်လေးများ မျက်နှာပေါ်တွင် စတင်ပေါ်လာပါမည်။ မိတ်အဖုလေးများကဲ့သို့ အနီဖုလေးများသည် နဖူးပြင်ဆံစပ်တစ်လျှောက်နှင့် နားရွက်နောက်တို့တွင် စတင်ပေါ်ထွက်လာပါမည်။ တစ်ရက်၊ နှစ်ရက်အတွင်း ၎င်းအနီဖုလေးများ များပြားလာပြီး အပြွတ်လိုက်အနီပြင်ကွက်များအဖြစ် ပေါင်းစပ်လာကြသည်။ ၎င်းအနီပြင်ကွက်များက တစ်ခါတစ်ရံတွင် အရေပြားပေါ်သို့ပင် ကြွတက်လာနိုင်ပါသည်။ ထိုသို့ အနီပြင်ကွက်များ ပေါ်နေချိန်မှာ အဖျားဒီဂရီမြင့်တက်လေ့ရှိပြီး ရောဂါလက္ခဏာများလည်း ပိုမိုပြင်းထန်လာတတ်သည်။ နောက်ထပ် နှစ်ရက်၊ သုံးရက်ခန့်အကြာတွင် အနီပြင်ကွက်များ အရောင်ဖျော့လာပြီး အရေပြားမှ အဖတ်လေးများ ကွာကျလာတတ်သည်ကို တွေ့ရပါလိမ့်မည်။

နောက်ဆက်တွဲပြဿနာများ

ဝက်သက်ပေါက်ရုံဖြင့် ကလေး၏အသက်အန္တရာယ် စိုးရိမ်စရာမရှိပါ။ သို့သော် မှန်ကန်သော ဆေးဝါးကုသမှုနှင့် ကြိုတင်ကာကွယ်မှုများ မပြုလုပ်ဘဲနေပါက နောက်ဆက်တွဲရောဂါများ ကပ်လာနိုင်ပါ၍ မပေါ့ဆသင့်ပေ။ ဝက်သက်ပေါက်နေစဉ် ကိုယ်ခံအားလျော့နည်းနေမည်ဖြစ်ရာ ဗက်တီးရီးယားပိုးမွှားများ ထပ်ဆင့်ဝင်ရောက်မှုကြောင့် အောက်ဖော်ပြပါ ရောဂါဝေဒနာများလည်း ထပ်ဆင့် ဝင်ကောင်းဝင်လာနိုင်ပါသည်။

- နမိုးနီးယား (ခေါ်) အဆုတ်ရောင်ခြင်း၊
- ဝမ်းပျက်ဝမ်းဖောဖြစ်လာကာ ရေဓာတ်ခန်းခြောက်ခြင်း၊
- ဦးနှောက်အတွင်းသားရောင်ကာ ဦးနှောက်ပျက်စီးခြင်း၊
- အူအတက်ရောင်ခြင်း၊
- နားအတွင်း ပိုးဝင်၍ နားကိုက်ခြင်း၊
- မကြာခဏ တက်တတ်ခြင်း၊
- မျက်ခွံများ နာကျင်ရောင်ရမ်းနေခြင်း၊ မျက်လုံး၏ မျက်နက်သားများ အနာတရဖြစ်ခြင်း၊
- အမြင်အာရုံ ဆုံးရှုံးခြင်း၊
- သေဆုံးခြင်း စသည်တို့ဖြစ်လာတတ်ပါသည်။

စာမျက်နှာ ၂၁ သို့ ■

**ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်စေရန် နိုင်ငံတော်က ကာကွယ်ဆေးထိုးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်၍ ကလေးငယ်များအား မပျက်မကွက် ထိုးနှံပေးသင့်ပါသည်။ ကလေးအသက်အရွယ် ကိုးလတွင် ပထမအကြိမ်၊ ၁၈ လတွင် ဒုတိယအကြိမ် ထိုးနှံပေးရပါမည်။ အကယ်၍ အသက်ငါးနှစ်အောက် ကလေးတစ်ဦးသည် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ ဆေးမထိုးရသေးပါက ဝက်သက်ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံသင့်ပါသည်။ အထူးသတိပြုသင့်သည့်အချက်မှာ ဝက်သက်ရောဂါသည် ပုံမှန်ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်၍ရသော ရောဂါမျိုးဖြစ်သော်လည်း ကူးစက်မှုမြန်ဆန်တတ်ပြီး အစုလိုက်အပြုံလိုက် ဖြစ်ပွားနှုန်းများကာ အာဟာရချို့တဲ့သော ကလေးများတွင် အချိန်မီကုသမှု မခံယူပါက သေဆုံးနိုင်ခြေများသည်။ သို့ပါ၍ ယခုလို နွေဦးကာလတွင် မိဘပြည်သူများ သတိထားသင့်ပါကြောင်း အကြံပြုလိုက်ရ။**



# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ



နေပြည်တော် မေ ၄

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရှိရသည်။

ပြေးဆွဲလျက်ရှိ

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# သံတွဲမြို့ ဒွါရာဝတီမြို့သစ်ရှိ အောင်မြေသာစည် ပရိယတ္တိစာသင်တိုက် ဆရာတော် အန္တိမအဂ္ဂိစျာပနပူဇာပြုလုပ်ရန် အလှူငွေများ လှူဒါန်း

နေပြည်တော် မေ ၄

ရခိုင်ပြည်နယ် သံတွဲမြို့ ဒွါရာဝတီမြို့သစ်ရှိ အောင်မြေသာစည် ပရိယတ္တိစာသင်တိုက်ဆရာတော် ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ၏ အန္တိမအဂ္ဂိစျာပနပူဇာကို မေ ၃ ရက်တွင် အဆိုပါစာသင်တိုက်၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်း

အဆိုပါ အန္တိမအဂ္ဂိစျာပနပူဇာသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် အဖွဲ့ဝင်များက သွားရောက်၍ ဆရာတော်၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကာ အန္တိမအဂ္ဂိစျာပန ကျင်းပရေးကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■ စာမျက်နှာ ၂၀ မှ

ရောဂါကုသနည်း

အခြေခံအားဖြင့် နှစ်ပိုင်းခွဲ၍ ရောဂါကုသရပါမည်။ (က) ပထမအပိုင်းမှာ အပြင်းဖျားနေသော ကလေးအား သတိလစ်ပြီး တက်မသွားစေရန်နှင့် (ခ) ဒုတိယပိုင်းမှာ နောက်ဆက်တွဲရောဂါများ မဝင်ရောက်နိုင်ရန် ကာကွယ်ခြင်းတို့ ဖြစ်ပါသည်။

ထို့ကြောင့် အပြင်းဖျားနေသောကလေးအား -

- ❖ အိပ်ရာထဲတွင် အနားယူပါစေ။
- ❖ အဖျားဒီဂရီ ၁၀၃ အထက်ရှိလျှင် ရေခဲရည်ဖြင့် တစ်ကိုယ်လုံး ရေပတ်တိုက်ပေးပါ။
- ❖ ရေပတ်တိုက်နေပါလျက် အဖျားဒီဂရီ မကျခဲ့သော် ဆရာဝန်နှင့်ပြပါ။ ထိုအခါ ဆရာဝန်က ကလေး၏ အသက်အရွယ်၊ နလုံးခုန်နှုန်းနှင့် အပူချိန်အနည်း၊ အများတို့ကို ချင့်ချိန်၍ လိုအပ်သလို ကုသပေးပါလိမ့်မည်။
- ❖ ကလေးကို တစ်နာရီတစ်ကြိမ်ကျ ရေကျက်အေးတိုက်ပေးပါ။ သောက်နိုင်သမျှ သောက်ပါစေ (သို့မဟုတ်) ကော်ဖီ၊ လက်ဖက်ရည်၊ နွားနို့ အရည်တစ်မျိုးမျိုး တိုက်နိုင်ပါသည်။
- ❖ နောက်ဆက်တွဲရောဂါများ မဝင်ရောက်နိုင်ရန်အတွက်ကိုမူ ဆရာဝန်ဖြင့်သာ ဆေးကုသမှုခံယူရပါမည်။ မိဘများ၏တာဝန်မှာ မိမိကလေးအား ခေတ်မီဆေးဝါးများဖြင့်သာ ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

ကာကွယ်နည်း

ဝက်သက်ရောဂါ လက္ခဏာ စတင်မပေါ်မီကာလနှင့်လက္ခဏာပေါ်ပြီးနောက် ရက်အနည်းငယ်အထိ ဝက်သက်ရောဂါသည် လူနာမှတစ်ဆင့် တခြားသူများသို့ တစ်ပြိုင်နက် ကူးစက်နိုင်ပါသည်။ ကလေးများစုဝေးရာဖြစ်သည့် နေ့ကလေးထိန်းကျောင်း၊ စာသင်ကျောင်း၊ သီလရှင်ကျောင်း၊ လူဦးရေသိပ်သည်းစွာ စုပေါင်းနေထိုင်သည့် အိမ်ရာများနှင့် ဆေးရုံ၊ ဆေးခန်း စသည့် နေရာများတွင် အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်ပါသည်။ ရောဂါရှင်ကလေးအား အခြားကလေးငယ်များနှင့်အတူ အိပ်ခြင်း၊ အတူနေခြင်း မပြုလုပ်စေရပါ။

- ❖ ဝက်သက်ဖြစ်ပွားနေသော ကာလအတွင်း ကလေးဦးရေထူထပ်သော နေရာများကို ရှောင်ပါ။
- ❖ ရောဂါရှင်ကလေးအား အခြားကလေးငယ်များနှင့် အတူအိပ်ခြင်း၊ အတူနေခြင်း မပြုလုပ်စေရပါ။
- ❖ မှန်ကန်သော နေထိုင်မှုပုံစံမှာ ရောဂါရှင်ကလေးအား အခြားကလေးများနှင့် ၁၄ ရက်တိတိ သီးခြားခွဲ၍ ထားရပါမည်။
- ❖ ဝက်သက်ပေါက်နေသော ကလေးတစ်ယောက် မိမိတို့အိမ် အနီးပတ်ဝန်းကျင်တွင် ရှိနေပါက ကြိုတင်ကာကွယ်ထားသည့် အနေဖြင့် မိမိကလေးကို ဆရာဝန်နှင့် ပြသထားရန် အရေးကြီးပါသည်။
- ❖ ဝက်သက်ပေါက်နေစဉ် ဆေးထိုးပါက ဝက်သက်ငုပ်၍ သေတတ်သည်ဟူသော ရှေးရိုးစွဲအယူအဆသည် လုံးဝမမှန်ကန်ပါ။

ဝက်သက်ရောဂါအတွက် အကောင်းဆုံးအိမ်တွင်းကုထုံးများ

“ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏” ဟူသောဆိုရိုးစကားအတိုင်း ရောဂါဖြစ်လာမှ ကုသခြင်းထက် ရောဂါဖြစ်မလာအောင် ကြိုတင်ကာကွယ်ထားသင့်ပါသည်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စီမံချက်နှင့်အညီ ပြည်သူလူထု မိဘအုပ်ထိန်းသူများအနေဖြင့် အထက်ဖော်ပြပါ နည်းနာများအတိုင်း မလွဲမသွေ လိုက်နာဖို့လိုပါသည်။ အောက်ဖော်ပြပါ အိမ်တွင်းကုထုံးများက ဝက်သက်ရောဂါအတွက် တစ်ဖက်တစ်လမ်းမှ ကောင်းကျိုးပြုနိုင်သဖြင့် အသိပေး မျှဝေလိုက်ရပါသည်။

- ❖ ဝက်သက်ပေါက်နေစဉ် အစားရှောင်စရာမလိုပါ။ ကျေညက်လွယ်သော အစားအစာနှင့် အားဖြစ်စေမည့် အစားအစာမှန်သမျှကျွေးနိုင်ပါသည်။
- ❖ နေ့စဉ် ရေချိုးပါ (သို့မဟုတ်) ရေပတ်တိုက်ပါ။
- ❖ တစ်ကိုယ်ရေသန့်ရှင်းမှု အထူးဂရုစိုက်ပါ။
- ❖ နေရောင်ခြည်တိုက်ရိုက်ကျသောနေရာကို ရှောင်၍ လေဝင်လေထွက်ကောင်းပြီး အေး၍ ခြောက်သွေ့သောနေရာမှာ နေပါ။
- ❖ ချည်ထည်အဝတ်ကို ဝတ်ဆင်ပါ။
- ❖ ကာဘော်လစ်ဆပ်ပြာကိုသာ သုံးပါ။
- ❖ ရှေးလူကြီးများလက်ထက်က ဝက်သက်ပေါက်နေသောကလေးကို ရောဂါပျောက်စေရန် ကြက်ဥစားစေခြင်း၊ ပုစွန်ခြောက်ကျွေးခြင်း အလေ့အထများ ရှိခဲ့ပါသည်။
- ❖ ဝက်သက်ရောဂါအတွက် ရှောက်သီး၊ သံပရာသီး၊ ကျွဲကောသီး၊ ဘာလီရည်၊ ချဉ်သောလိမ္မော်သီး၊ စတော်ဘယ်ရီသီး၊ ချဉ်သောပန်းသီးများက ကောင်းကျိုးပြုပါသည်။
- ❖ လိုအပ်လျှင် ဗီတာမင်စီဆေးပြား တိုက်ကျွေးနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်စေရန် နိုင်ငံတော်က ကာကွယ်ဆေးထိုးလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သွားရောက်၍ ကလေးငယ်များအား မပျက်မကွက် ထိုးနှံပေးသင့်ပါသည်။ ကလေးအသက်အရွယ် ကိုးလတွင် ပထမအကြိမ်၊ ၁၈ လတွင် ဒုတိယအကြိမ် ထိုးနှံပေးရပါမည်။ အကယ်၍ အသက်ငါးနှစ်အောက်ကလေးတစ်ဦးသည် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်မှာ ဆေးမထိုးရသေးပါက ဝက်သက်ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံသင့်ပါသည်။ အထူးသတိပြုသင့်သည့်အချက်မှာ ဝက်သက်ရောဂါသည် ပုံမှန်ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်၍ရသော ရောဂါမျိုးဖြစ်သော်လည်း ကူးစက်မှု မြန်ဆန်တတ်ပြီး အစုလိုက် အပြုံလိုက် ဖြစ်ပွားနှုန်းများကာ အာဟာရချို့တဲ့သော ကလေးများတွင် အချိန်မီကုသမှု မခံယူပါက သေဆုံးနိုင်ခြေများသည်။ သို့ပါ၍ ယခုလို နွေဦးကာလတွင် မိဘပြည်သူများ သတိထားသင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ(၄) ရက်မှ (၁၁)ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာ အဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထား သည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာ ထားရှိပြီးဖြစ်ပါသည် -

(က) လေ့ကျင့်ခန်းဧရိယာ(၁)

(၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(ခ) လေ့ကျင့်ခန်းဧရိယာ(၂)

(၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၆ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၆ မိနစ်

(ဂ) လေ့ကျင့်ခန်းဧရိယာ(၃)

(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်


(၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွား လာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ် များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါ သည်။

**စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (နှစ်ဖက်တပ်ပါ) လေ့ကျင့်ခန်း- ဆင်ဖြူရှင်(၁/၂၀၂၂) လေ့ကျင့်ခန်းဧရိယာပြပုံ**




* ကျောဖုံးမှ

ယခုအခါ ဆူပူဆန္ဒဖော်ထုတ်မှုများသည် သိသိသာသာ အင်အားလျော့နည်းလာသော်လည်း NLD ပါတီဝင်အစွန်းရောက်များ၏ ဦးဆောင်ပါဝင်မှုနှင့် အကြမ်းဖက်သမားများအား အခကြေးငွေပေး၍ ခိုင်းစေမှုများကြောင့် အချို့မြို့ကြီးများတွင် ဆူပူအကြမ်းဖက်ဆန္ဒပြမှုများနှင့်အတူ အကြမ်းဖက်လုပ်ငန်းများ ဖြစ်သည့် အပြစ်မဲ့ပြည်သူများ၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ မြို့ရွာများ မတည်မငြိမ်ဖြစ်စေရန် မီးကွင်းပစ်မီးရှို့ခြင်း၊ ဓာတ်ဆီပုလင်း များဖြင့် ပစ်ပေါက်ခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် လက်နက်များကိုင်ဆောင်ထားသည့် အကြမ်းဖက်အဖွဲ့ငယ်များကို ဖွဲ့စည်းပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်နေသည့် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း အိမ်သုံးမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို အုပ်စုဖွဲ့လျက် လှည့်လည်ကာ အသင့်ယူဆောင်လာသော ဓာတ်ဆီပုလင်းများ၊ တာယာဟောင်းအပါအဝင် မီးလောင်လွယ်သည့်လောင်စာများအား လမ်းမကြီးများပေါ်တွင် စုပုံမီးရှို့ခြင်း၊ ၎င်းတို့မီးရှို့မှုကို တားမြစ်သည့်ပြည်သူများအား ရန်ရှာခြင်း၊ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူများအား ခြိမ်းခြောက်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ၎င်းတို့ကိုယ်တိုင်တင်ထားသည့် သတင်းများ၊ လူမှုကွန်ရက်များတွင် မြင်တွေ့ရပါသည်။

၎င်းတို့၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် အဓိကဦးတည်ပြီး နိုင်ငံအနှံ့ မြို့ရွာများမတည်မငြိမ်ဖြစ်ပြီး မီးလောင်မှုများဖြစ်ပွားနေကြောင်း နိုင်ငံတကာ နှင့်ပြည်သူများ အထင်အမြင်လွဲမှားအောင် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။ ၎င်းအပြင် မီးရှို့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်သကဲ့သို့ သတင်းတုများပုံဖော်ဖန်တီးပြီး အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်တိုက်ပေးခြင်းကဲ့သို့သော ကောက်ကျစ်သည့်လုပ်ရပ်များ အား စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် ဝင်ရောက်လာပြီး မီးရှို့မှုများ ပြုလုပ်နေသည့် အကြမ်းဖက်အဖျက်သမားများ မိမိတို့၏ ရပ်ကွက်၊ ကျေးရွာ များသို့ဝင်ရောက်လာပါက သက်ဆိုင်ရာ အနီးဆုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အချိန်မီတိုင်ကြားနိုင်ကြောင်း နှင့် အဆိုပါ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တာဝန်သိမိဘပြည်သူ များနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## တောင်ကြီးမြို့ပေါ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်လှူဒါန်း

**တောင်ကြီး မေ ၄**
ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် မေ ၂ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ပေါ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်များ သွားရောက်လှူဒါန်းခဲ့သည်။
တောင်ကြီးမြို့ပေါ်ရှိစာသင်တိုက်များသို့ ဆွမ်းဆန်တော်လှူဒါန်းမှုတွင် ကျောင်းကြီးစုရပ်ကွက်ရှိ တောင်ကျောင်းကြီးပရိယတ္တိစာသင်တိုက်သို့ ဆန်အိတ် ၁၇၂ အိတ်နှင့် ထင်းအစည်း ၂၀၀၀၊ ချမ်းသာရပ်ကွက်ရှိ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့ ဆန်အိတ် ၈၈ ဒသမ ၅ အိတ်၊ ထင်း ၁၅၈၅ အစည်း၊ စိန်ပန်းရပ်ကွက်ရှိ အောင်မြေဘုံစံပရိယတ္တိစာသင်တိုက်သို့ ဆန်အိတ် ၃၇၀၊ ထင်းအစည်း ၅၀၀၊ မင်္ဂလာဦးရပ်ကွက်ရှိ အရိယဝံသမြို့ဦးကျောင်းတိုက်သို့ ဆန်အိတ် ၁၈၈ အိတ်၊ ထင်းအစည်း ၂၀၀၀၊ စဝ်စံထွန်းရပ်ကွက်ရှိ တပ်ဦးဥတ္တရရုံပရိယတ္တိစာသင်တိုက်သို့ ဆန်အိတ် ၆၈ ဒသမ ၅ အိတ်၊ ထင်းအစည်း ၈၀၀ တို့ကို လှူဒါန်းပေးခဲ့သည်။
ကျောင်းတိုက်အရေအတွက် ၄၆ ကျောင်း၊ သံဃာ/သီလရှင် ၃၃၇၄ ပါးနှင့် ဆွမ်းဆန်တော်အိတ် ၁၆၈၇ အိတ် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။
**မောင်မောင်သန်း(တောင်ကြီး)**



## မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံငါးထပ်ဆောင် အချိန်မီပြီးစီးရေးစည်းဝေး

**မုံရွာ မေ ၄**
မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံငါးထပ်ဆောင် အဆောက်အအုံ အချိန်မီပြီးစီးရေးအတွက် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့်ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပသည်။
စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံ ငါးထပ်ဆောင်အဆောက်အအုံ အချိန်မီပြီးစီးရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အထူးအလေးထားဆောင်ရွက်သွားကြရန် ပြောကြားသည်။
ဆက်လက်၍ တက်ရောက်လာကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (မြန်/ဆက်)**



## ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘားအံ မေ ၄**
ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကို မေ ၂ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။
ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်၊ ကင်းစင်သွားအောင် ဥပဒေနှင့်အညီ တိုက်ဖျက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ချက်များသည်လည်း တစ်လထက်တစ်လ တိုးတက်မှုရှိရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ တဖြည်းဖြည်းလျော့ပါး၍ ကုန်သွယ်မှု မူဘောင်စည်းမျဉ်းများအတိုင်း လမ်းကြောင်းမှန်ပေါ်ရောက်ရှိအောင် ဆောင်ရွက်ဖို့လိုကြောင်း၊ တရားမဝင်ပို့ကုန်၊ သွင်းကုန်များကို တားဆီးနိုင်မှသာလျှင် တိုင်းပြည်ဝင်ငွေတိုးတက်မည်ဖြစ်ကြောင်း ပြောကြားသည်။
ထို့နောက် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ တွဲဖက်အတွင်းရေးမှူး(၁)ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် အတွင်းရေးမှူး ပြည်နယ်အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးတို့က ပြည်နယ်အတွင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန အစရှိသည့် ဌာနဆိုင်ရာများက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(မြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေနံလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**ပုသိမ် မေ ၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်၊ ကောင်စီအဖွဲ့ဝင်များအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (ရုံးချုပ်) မှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က မေ ၃ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ (၁) တွင် လာရောက်တွေ့ဆုံ ဆွေးနွေးသည်။
ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ရှိသော ရေနံလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (ရုံးချုပ်)၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဥာဏ်ထွန်း၊ ကန်ကြီးထောင့်ဓာတ်မြေဩဇာစက်ရုံမှူး မြန်အောင် (ရွှေပြည်သာ) ရေနံမြေ၊ ညောင်တုန်းနှင့် မအူပင်ရေနံမြေတို့မှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။
ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းလိုအပ်သည်များကို မှာကြားသည်။
တွေ့ဆုံပွဲသို့ ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်၊ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။
**မောင်မောင်မြင့်**
**(မြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး မေ ၄**
ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက CDM လုပ်သည့် ဌာနဆိုင်ရာဝန်ထမ်းများအား မိမိတို့၏သားသမီးများသဖွယ် နောက်ဆုံးအချိန်အထိ ရုံးတက်ရောက်စေရန် စည်းရုံးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာနှစ်တစ်ဝက် ရောက်ပြီဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ လျှို့ဝှက်ချက်အက်ဥပဒေကို အထူးလေးစားလိုက်နာရန် မိမိတို့၏ဝန်ထမ်းများအား အသိပေးပြောထားရန်နှင့် ရုံးပိတ်ရက်များပြားသည့်အတွက် ရုံးဌာနများ မီးဘေးလုံခြုံရေးကို ဂရုစိုက်ရန် ပြောကြားသည်။
ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြခဲ့ရာ ကောင်စီဝင်များက လိုအပ်ချက်များ ဖြည့်စွက်ရှင်းလင်းအကြံပြုတင်ပြခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**





## မယ်စဲ့မြို့နယ်၌ ပြည်သူများသို့ မြို့မြေငှားဂရန်များပေးအပ်

**မယ်စဲ့ မေ ၄**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိစေရေး အတွက် မြို့မြေငှားဂရန်များပေးအပ်ပွဲကို မေ ၃ ရက် နံနက် ၉ နာရီခွဲက မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘောလခဲခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ဒေသခံပြည်သူများ မြေယာပိုင်ဆိုင်မှုအထောက်အထားအခိုင်မာမှုရရှိ စေရေးအတွက် စီမံချက်များချမှတ်ပြီး မြေပေးမိန့်များ၊ မြို့မြေဂရန်များရရှိစေရန် သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ယခုကဲ့သို့ ပေးအပ်နိုင်ခြင်းဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း မြေငှားဂရန်စည်းကမ်းချက်များကို လိုက်နာပြီး အကျိုးရှိရှိအသုံးချစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက်နှင့် တောင်ပိုင်းရပ်ကွက်တို့မှ မြေငှားဂရန်ရရှိသူ ၃၅ ဦး တို့အား ဘောလခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင် နှင့် တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီးနောက် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ မီးခိုးမြူများထူထပ်မှုကြောင့် နေ့စဉ်မီးသတ်ကားများဖြင့်ရေဖျန်း

**တာချီလိတ် မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုကို ရင်ဆိုင်ကြရပြီးလေထုညစ်ညမ်းမှုကျဆင်းစေရန်အတွက် မေ ၂ ရက်မှစ၍ ရပ်ကွက်များအတွင်း၌ မီးသတ်ကားများဖြင့် ရေဖျန်းပေးလျက်ရှိသည်။

နေ့စဉ် နံနက် ၈ နာရီတစ်ကြိမ် ညနေ ၄ နာရီတစ်ကြိမ် တစ်နေ့ နှစ်ကြိမ် မီးသတ်ကားကရိန်းဖြင့် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် နှင့် ရပ်ကွက်အတွင်းပိုင်းများထိ ပက်ဖျန်းပေးကြောင်း၊ လေထုညစ်ညမ်းမှုပပျောက်သည်အထိ နေ့စဉ်ဆောင်ရွက်သွားရန်ရှိကြောင်း ခရိုင်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က ပြောကြားသည်။

**ယာဆေး**
**(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ်၌ စက်ချုပ်နည်းပညာအခြေခံသင်တန်းဆင်းပွဲကျင်းပ

**မိတ္ထီလာ မေ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ စက်ချုပ်နည်းပညာအခြေခံသင်တန်းဆင်းပွဲကို မေ ၂ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ) မှ ကျောင်းအုပ်ဆရာကြီး ဦးသာဝက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ ပြန့်ပွားလာစေရန်၊ စက်ချုပ်နည်းပညာရပ်များကို အသုံးပြု၍ အဝတ်အထည်များ ဒီဇိုင်းလှပပြီး ဈေးကွက်ဝင်အထည်များအဖြစ် ထုတ်လုပ်လာနိုင်စေရန်၊ ကျေးလက်ဒေသရှိ အမျိုးသမီးငယ်လေးများ စက်ချုပ်နည်းပညာရပ်ကို တတ်ကျွမ်း၍ အိုးမကွာအိမ်မကွာ ဆောင်ရွက်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် စက်ချုပ်နည်းပညာအခြေခံသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချသည့် စက်ချုပ်နည်းပညာရပ်များကို ဆက်လက်လေ့ကျင့်စေလိုကြောင်းပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ထို့နောက် စက်ချုပ်နည်းပညာအခြေခံသင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသူများအား မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသိန်း၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ)မှကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ရာ သင်တန်းသူ မစုမြတ်ထွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ချုပ်နည်းပညာအခြေခံသင်တန်းဆင်းပွဲကို မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသိန်း၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ) မှ ကျောင်းအုပ်ဆရာကြီး ဦးသာဝနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မောင်တောမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**မောင်တော မေ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များက မေ ၂ ရက် ညနေ ၄ နာရီက မြို့ပေါ်ရပ်ကွက်များအတွင်း နှိုးဆော်ခဲ့ကြသည်။

မြို့နယ် မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး မျိုးကျော်ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ယခုအခါ ပူအိုက်ပြင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်သူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာရုံးများတွင် မီးဘေးလုံခြုံရေး အတွက် မီးသတ်ဦးစီးဌာနမှ ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိကြရန်နှင့် မော်တော်ယာဉ်များ၊ စက်သုံးဆီဆိုင်များ၊ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပုဂ္ဂလိကရုံးများ၌ မီးဘေးကြိုတင်ကာကွယ်ရန် ထားရှိအပ်သော ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ မီးသတ်ဆေးဘူးများ၊ တပ်ဆင်ထားရှိကြရန် လိုအပ်ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ပြည်သူလူထုများ သိရှိနိုင်ရေးအတွက် အသိပေး လိုက်လံနှိုးဆော်ခဲ့ကြသည်။

မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်အသိပညာပေး လိုက်လံ နှိုးဆော်ခြင်းများကို အပတ်စဉ် သောကြာနေ့တိုင်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး**
**(ပြန်/ဆက်)**

## လွန်းရာကျော်ကြိုးကြီးချိတ် လုံချည်ရက်လုပ်ခြင်းပညာ တိမ်ကောပျောက်ကွယ်မသွားရန် ဝိုင်းဝန်းထိန်းသိမ်းသင့်



**တံတားဦး မေ ၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဟံသာဝတီကျေးရွာတွင် လွန်းရာကျော်ကြိုးကြီးချိတ်လုံချည် ရက်လုပ်ခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိကြောင်း သိရသည်။

လွန်းရာကျော်ကြိုးကြီးချိတ်လုံချည်ကို မြန်မာသာမက ကမ္ဘာကပါ အံ့ဩစေပြီး ချီးမွမ်းခံရသည့် ကြိုးကြီးချိတ်လုံချည်ကို မြန်မာလူမျိုးများသာ ရက်လုပ်နိုင်သည်။ လွန်းရာကျော်ကြိုးကြီးချိတ်ဆိုသည်မှာလွန်းပေါင်းရာကျော်ဖြင့် ကြိုးပုံသဏ္ဌာန်များပေါ်အောင် ချိတ်နည်းဖြင့် ရက်လုပ်ထားသော အထည်ဖြစ်သည်။

ကြိုးကြီးချိတ်လုံချည် တစ်ကွင်းရရှိရန် အချိန်အားဖြင့် နှစ်လနီးပါးကြာသည် အထိ ရက်လုပ်ရကြောင်း၊ အလုပ်သမားတစ်ယောက်မှာ တစ်နေ့ကို တစ်လက်မ ကျော်သာပြီးသည့်အတွက် ယခုလို ရက်ကြာရှည်ခြင်းဖြစ်ကြောင်း ရွှေမမ ပိုးထည်တိုက်ပိုင်ရှင် ဦးသန်းဝင်းထံမှ သိရသည်။

လုံချည်ရက်လုပ်ရာတွင် လွန်းပေါ်မူတည်ပါကြောင်း၊ လွန်းများမှာ လွန်း ၁၀၀ မှ ၃၀၀ ထိရှိသည်။ အလုပ်သမားတစ်ယောက် လုံချည်တစ်ကွင်းရက်လုပ်ခမှာ ငွေကျပ် ၁၈၀၀၀၀ ပေးချေရပြီး ရက်လုပ်ပြီးလုံချည်တစ်ထည် ပြန်ရောင်းလျှင် အနည်းဆုံးငွေကျပ်ငါးသိန်းကျော်ရရှိကြောင်း သိရသည်။

လွန်းရာကျော်ကြိုးကြီးချိတ်အထည်များကို ဂုဏ်သရေရှိ အမျိုးသား၊ အမျိုးသမီးများက ဘုရားပွဲ၊ ကျောင်းပွဲ၊ အလှူမင်္ဂလာပွဲတို့တွင် ပွဲတက်ဝတ်စုံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဝတ်ဆင်ကြသည်။

ယနေ့အချိန်တွင် လွန်းရာကျော်ကြိုးကြီးချိတ်ရက်လုပ်သည့်ပညာကို လက်ဆင့်ကမ်း ပညာအမွေပေးရန် မျိုးဆက်သစ်များ ရှားပါးလာသည့်အတွက် ရက်လုပ်ခြင်းပညာ တိမ်ကောပျောက်ကွယ်မသွားရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ငရုတ်စိုက်တောင်သူများ ဈေးကောင်းရရှိ၍ လုပ်ငန်းအဆင်ပြေ

**ပွင့်ဖြူ မေ ၄**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းဘေးတစ်လျှောက် ကျေးရွာများမှ ဒေသခံ တောင်သူများသည် ကိုင်းမြေနှင့် မြေနုကျွန်းများတွင် မုန်းချောင်းရေဖြင့် ဆီထွက်သီးနှံမြေပဲ၊ နေကြာနှင့် ဟင်းသီးဟင်းရွက်သီးနှံစားပင်များဖြစ်သည့် ခရမ်း ချဉ်၊ပြောင်းဖူး၊ ငရုတ်သီးနှံများကို စီးပွားဖြစ် စိုက်ပျိုး လုပ်ကိုင်ကြလျက်ရှိရာ ယခုနှစ်တွင် ငရုတ်စိုက်ပျိုး တောင်သူများငရုတ်(အခြောက်) တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ရောင်းချရ၍ စီးပွားရေး တွက်ခြေကိုက်ပြီး လုပ်ငန်းအဆင်ပြေလျက်ရှိနေကြ ကြောင်း ပွင့်ဖြူမြို့နယ် ညောင်ကုန်းကျေးရွာမှ ငရုတ် စိုက်ပျိုးတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာရှိတဲ့ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကြတဲ့တောင်သူတွေ ဒီနှစ် ငရုတ် ဈေးကောင်းလို့ လုပ်ငန်းအဆင်ပြေကြပါတယ်။ ခါတိုင်းနှစ်က ငရုတ်သီးနှံပေါ်ချိန်မှာ ငရုတ်(အစို) တစ်ပိဿာကို ငွေကျပ် ၁၂၀၀ ခန့်နဲ့ ငရုတ် (အခြောက်) တစ်ပိဿာကို ငွေကျပ် ၄၀၀၀ ဝန်းကျင် ခန့်သာရောင်းချရပြီး ဒီနှစ်မှာတော့ ငရုတ်(အစို) တစ်ပိဿာကို ငွေကျပ် ၁၅၀၀၊ ၂၀၀၀ ခန့်နဲ့ ငရုတ် (အခြောက်) တစ်ပိဿာကိုငွေကျပ် ၆၀၀၀ ဈေးနှုန်း ဖြင့် ရောင်းချရပြီးဈေးကောင်းရရှိလို့ စီးပွားရေးတွက် ခြေကိုက်ကာ လုပ်ငန်းအဆင်ပြေနေကြပါတယ်။ ကျွန်တော်တို့ဒေသမှာ မုန်းချောင်းအနီး ကျေးရွာများ မှ တောင်သူအများစုဟာ မုန်းချောင်းရေကို အမှီပြုပြီး နှစ်စဉ် ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နေကြာနှင့် သီးနှံစားပင်တွေဖြစ်တဲ့ ငရုတ်၊ ကြက်သွန်၊ နံနံပင်၊ ခရမ်းချဉ်၊ ကုလားပဲ၊ မုန်ညင်းစိမ်း၊ ပန်းမုန်လာ၊ မုန်လာဥဖြူ၊ ကိုက်လံ၊ ချဉ်ပေါင်၊ ကန်စွန်းရွက်စသဖြင့် စိုက်ပျိုးလုပ်ကိုင်ကြတာဖြစ်ပါတယ်။ စိုက်ပျိုးရေပေါ ကြွယ်ဝမှုနှင့် ရေမြေသဘာဝရာသီဥတုကောင်းမွန်မှု ကြောင့် စိုက်ပျိုးတဲ့သီးနှံများ အောင်မြင်ဖြစ်ထွန်း ကြပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်ဟာ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၅) မြို့နယ် မှာလည်း ဆန်စပါးစိုက်ပျိုးမှု အများဆုံးစိုက်ပျိုးတဲ့ မြို့နယ်တစ်ခုလည်းဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**





## ကျောက်ဆည်မြို့၌ ရုံးပတီစိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုများနေ့စဉ်ဝင်ငွေရရှိ

**ကျောက်ဆည် မေ ၄**
မန္တလေးတိုင်းဒေသကြီးကျောက်ဆည်မြို့တံတားလည် ရပ်ကွက်တွင် ရုံးပတီပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုး ရောင်းချခြင်းဖြင့် မိသားစုများနေ့စဉ်အပိုဝင်ငွေရရှိ ကာ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရ သည်။

"မြေကတော့ လေးဧကရှိပါတယ် ဇော်ဂျီမြစ်ဘေး သဲနုန်းမြေတွေဆိုတော့ စပါးစိုက်လို့မရတော့ မစိုက် ဘူးပေါ့၊ နောက်ပြီး မိသားစုကလည်း ခြောက်ယောက် ရှိတော့ မိသားစုအနေနဲ့ တစ်ပိုင်တစ်နိုင်လည်းဖြစ် နေ့စဉ်ဝင်ငွေရမယ့် ရုံးပတီ၊ ခွေးတောက်၊ ခရမ်းသီး၊ ချဉ်ပေါင်၊ မုန်လာဥ၊ ဆူးပန်း စတဲ့ရာသီပေါ် နေ့စဉ် ဝင်ငွေရ အသီးအနှံတွေကို နှစ်ပတ်လည်စိုက်ပျိုး ရောင်းချကြောင်းရုံးပတီကိုတော့ တစ်ဧကစိုက်ပျိုး ထားပါတယ်၊ မိသားစုတွေ ဝိုင်းလုပ်တာဆိုတော့ ကုန်ကျငွေက ကျပ် ၁၀၀၀၀၀ ကျော်ခန့် ကုန်ကျ ပါတယ်။ စိုက်ပျိုးပြီးရက် ပေါင်း ၆၀ ကျော်မှာ စတင်ခူးဆွတ်ရောင်းချရပါတယ်။ စတင်ခူးဆွတ်ချိန် မှာ အချိန် ၁၂ ပိဿာခန့်သာရရှိပြီး အသီးလှိုင်ချိန် မှာ အချိန် ၆၀ ပိဿာအထိ ခူးဆွတ်ရပါတယ်။ ရောင်းတာကတော့ ကိုယ်တိုင်လက်လီရောင်းသလို အဝယ်ဒိုင်ကိုလည်းသွင်းရပါတယ် သွင်းဈေးအနေနဲ့ တစ်ပိဿာကျပ်၆၀၀ ရောင်းရပါတယ်" ဟုတံတားလည် ရပ်ကွက်မှ ဦးအောင်သင်းက ပြောကြားသည်။

ရုံးပတီပင်များသည် ရေကြိုက်နှစ်သက်သဖြင့် မြေကောင်းစွာပြုပြင်ပြီး နှစ်ပေခြားဘောင်များ ပြုလုပ်ကာ တစ်ပင်နှင့်တစ်ပင် တစ်တောင်ခန့်အကွာ တွင် အစေ့တိုက်ရိုက်ချ စိုက်ပျိုးပြီး အစိုဓာတ်မပြတ် ရေတင်ပေးရကြောင်း၊ အပင်ကြီးထွားရန်အတွက် အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာကျွေးပေးခြင်းများ ပြုလုပ်ပေးမှသာ အသီးထွက်နှုန်းကောင်းကြောင်း၊ ပိုးသတ်ဆေးလည်း လိုအပ်သလိုဖျန်းပေးရကြောင်း၊ အပင်ပြုစု ကောင်းပါက သုံးလခန့်အထိ ခူးဆွတ်ရောင်းချရ သဖြင့် မိသားစု တစ်ပိုင်တစ်နိုင် ရုံးပတီစိုက်ပျိုး ရောင်းချသည့်တောင်သူများ အဆင်ပြေလျက်ရှိ ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

## ဗန်းမောက်၌ မြေပဲစိုက်ပျိုးသူတောင်သူများပြား

**ဗန်းမောက် မေ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက် မြို့နယ်အတွင်းရှိကျေးလက်ဒေသ တချို့နှင့် မြို့အနီး အနားပတ်ဝန်းကျင်တို့တွင် ယခု အခါ မြေပဲစိုက်ပျိုးသူတောင်သူများ များပြား လာပြီး တစ်ဖက်တစ်လမ်းမှဝင်ငွေများရရှိ ၍ စီးပွားရေးအဆင်ပြေလာလျက်ရှိသည်။

လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က ဗန်းမောက်မြို့နယ်အတွင်းရှိ တောင်သူ များသည် လယ်ယာမြေများတွင် တစ်သီး စား စပါးများကိုသာ စိုက်ပျိုးလာကြ ပြီး စပါးများရိတ်သိမ်းပြီးပါက နောက်ထပ် အခြား သီးနှံများကို စိုက်ပျိုးခြင်းမရှိတော့ ဘဲ တစ်နယ်တစ်ကျေးတို့သွားရောက်ကာ ရွှေတူးဖော်ရာဖွေခြင်း၊ ကျောက်ရှာခြင်း၊ လက်သမား၊ ပန်းရန်နှင့် အခြားလုပ်ငန်း များကိုသာ လုပ်ကိုင်ကာဝမ်းရေးအတွက် ရှာဖွေစားသောက်နေထိုင်လာခဲ့ကြရာမှ ယခုအခါတွင် တစ်နယ်တစ်ကျေးသို့ အလုပ် လုပ်ကိုင်သွားလာခြင်းမရှိတော့ဘဲ မိမိတို့ လယ်ယာမြေများတွင်သာမြေပဲများနှင့် အခြားသီးနှံများကို စိုက်ပျိုးလာနေကြပြီ ဖြစ်သည်။

မြေပဲမျိုးအစေ့တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ကျော် ၅၀၀၀၀ ထိရှိပြီး တစ်ဧက လျှင် တစ်တင်းစိုက်ပျိုးပါက မြေပဲပေါ်ချိန် တွင် တစ်ဧကတင်း ၈၀ မှ ၁၀၀ အထိ ထွက်ရှိပြီး မြေပဲနုတ်ခြွေခမှာ ငါးတင်း တစ်တင်း သို့မဟုတ်ငွေဖြင့် တစ်တင်းလျှင် ၂၀၀၀ နှုန်းပေးငှား ကြရပြီး မြေပဲပေါ်ချိန် ရောက်ပါက မြေပဲနုတ်ခြွေသူများလည်း တစ်ဖက်တစ်လမ်းမှဝင်ငွေရလျက်ရှိကြ ကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကဆိုရင် စပါးရိတ်သိမ်းပြီးပြီဆိုရင် လယ်ယာမြေ တွေကို ပစ်ထားပြီးတော့ တစ်နယ်တစ် ကျေးကိုသွားပြီး ရွှေရှာသွားတဲ့ သူကသွား၊ ကျောက်ရှာသွားတဲ့သူကသွား၊ အခြား ပန်းရန်၊ လက်သမားလုပ်တဲ့သူကလုပ်နဲ့ ဝမ်းစာရေးအတွက် ရှာဖွေစားသောက် ရတာပေါ့၊ အခုတော့ ကိုယ့်ရဲ့လယ်ယာမြေ မှာပဲ မြေပဲကို အဓိကထားပြီးအခြား ရာသီ စာသီးနှံများကို စိုက်ပျိုးပြီး နေလိုက်တော့ တာ တစ်နှစ်တစ်နှစ်ကို ထွန်စက်ငှားက ပဲနုတ်ခ၊ ပေါင်းမြက်ရှင်းခတွေကို နုတ် လိုက်ရင် ၁၀ သိန်း၊ ၁၅ သိန်းတော့ ကျန် ပါတယ်၊ဒီသုံးလအတွင်းမှာဒီလောက် ကျန် တယ်ဆိုတော့ မိသားစုအတွက် စားဝတ် နေရေးအဆင်ပြေလာတာပေါ့"ဟု နှစ်စဉ် မြေပဲစိုက်ပျိုးသောရွှေကျောင်းကျေးရွာနေ တောင်သူဦးဆန်းလွင်က ပြောကြားသည်။

မြေပဲပေါ်ချိန်တွင် မြေပဲတောင့်တစ်တင်း ကျပ် ၁၃၀၀၀ ပေါက်ဈေးရှိပြီး မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၆၅၀၀ မှ ကျပ်၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**

## အချိန်နှောင်းသော်လည်း ဈေးကောင်းနေသေးသည့် ပြောင်းစိုက်ပျိုးရေး

**မင်းဘူး မေ ၄**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ကျောက်တန်းကျေးရွာမှ တောင်သူများသည် အပူချိန်မြင့်မားပြီး အချိန်နှောင်းသလိုလို ရှိသော်လည်း စိုက်ပျိုးလိုက်သည့်အခါ ပြောင်းဖူးပင် များ အောင်မြင်ဖြစ်ထွန်းပြီး ဈေးအသင့် အတင့်ရရှိကာ စိုက်ပျိုးသူများအတွက် တွက်ခြေကိုက်သောကြောင့် ဖူးစားပြောင်း များကို ထပ်မံစိုက်ပျိုးသူများလည်းရှိ ကြောင်း ပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

ဖူးစားပြောင်းများစိုက်ပျိုးရာတွင် အစိုဓာတ်ကောင်းစွာရရှိရန် လိုအပ် သည်။ နွေနှင့်ဆောင်းရာသီများတွင် စိုက်ပျိုးလျှင် ရေသွင်း၍ မြေအစိုဓာတ် ရေလုံလောက်စွာရရှိရန် ပြုလုပ်ပေးရ သည်။ စိုက်ပျိုးပြီး အပင်များကြီးထွား၍ ဝတ်ဆံတည်ချိန်တွင် အပင်များအား ထိခိုက်ပြီး ဝတ်ဆံကြွေလွင့်မသွားအောင် ဂရုစိုက်ပေးရသည်။ ဝတ်ဆံများပျက်စီး ပြီး ကြွေကျသွားပါက ပြောင်းဖူးစေ့ အောင်မြင်မှုလျော့ကျသွားနိုင်သော ကြောင့်ဖြစ်သည်။

ဖူးစားပြောင်းများကို စိုက်ပျိုးပြီးနှစ်လ အကြာတွင် ဖူးစပြုပြီး သုံးလအတွင်း ခုတ်၍ရောင်းချနိုင်သည်။ လက်ရှိပြောင်းဖူး ဈေးနှုန်းများမှာ လက်လီဈေးတစ်ဖူးလျှင် ကျပ် ၁၀၀၊ လက်ကားဈေး ကျပ် ၈၀ ပေါက်နေသည်။ ပြောင်းဖူးပင်များကို စနစ်တကျစိုက်ပျိုးထားပါက ပြောင်းဖူး အထွက်နှုန်းများ ပို၍ကောင်းစေသည်။ ဖူးစားပြောင်းများကို ပြောင်းကြမ်း၊ သကြားပြောင်း၊ ပြောင်းစေးဟူ၍ သုံးမျိုး ရှိပြီး ပြောင်းကြမ်းမှာ တိရစ္ဆာန်များ အတွက်သာ အသုံးပြုစိုက်ပျိုးကြသည်။

ပြောင်းဖူးများစိုက်ပျိုးရာတွင် ကြဲပက် ခြင်း၊ အတန်းလိုက် အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်း လိုက် အစေ့ချ၍ စနစ်တကျစိုက်ပျိုးခြင်း ဖြင့် ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်း မြက်များရှင်းလင်းခြင်းများ ပြုလုပ်ပေး နိုင်သည့်အတွက် ပြောင်းဖူးပင်များ ပို၍ ရှင်သန်ကြီးထွားပြီး အဖူးများကိုလည်း ချောစေသည်။ ပြောင်းဖူးပင်များမှာ တစ်ဧကအပင်ရေ ၁၀၀၀၀ ဝန်းကျင်ရှိပြီး တစ်ပင်လျှင် သုံးဖူးအထိဖူးကာ ပြောင်းစိုက် ပျိုးသူများမှာ အဆင်ပြေနေကြပြီး ဝင်ငွေ ကောင်းနေကြကြောင်း မင်းဘူး(စကု) မြို့နယ် ကျောက်တန်းကျေးရွာ ဖူးစား ပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

**စေယျာထက်(မင်းဘူး)**



# ဥတ္တရခရိုင်၌ ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ပြုလုပ်သည့် ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်း(၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းသားများက ကြက်ခြေနီဂုဏ်ပြုသီချင်းများ သီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီး ဥတ္တရခရိုင်စီမံအုပ်ချုပ်မှုအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသန့်ဇော်ထူးက အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမိုးကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းတွင် ဆုရရှိသူများအား ဥတ္တရခရိုင်စီမံအုပ်ချုပ်မှုအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသန့်ဇော်ထူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၂၄ ဦးအား လူနာဆန်းစစ်ခြင်းနှင့် လူနာရွှေ့ချယ်ခြင်း၊ အန္တရာယ်ကင်းစွာသွားရောက်လုပ်ကိုင်ခြင်း လုပ်ငန်းစဉ်များ၊ ဒဏ်ရာနှင့်သွေးယိုစီးခြင်းနှင့် သွေးယိုထွက်မှုကိုထိန်းချုပ်ခြင်း၊ ပတ်တီးစည်းကုသခြင်းများ၊ သွေးဆုတ်သွေးလန့်ခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်းများ ရှေးဦးပြုစုခြင်းများ၊ အရိုးကျိုးခြင်း၊ RICE လုပ်ငန်းစဉ်နှင့် ကျပ်စည်းခြင်းလုပ်ငန်းစဉ်များ၊ အခြေခံအသက်ကယ် အထောက်အကူပြုနည်းနှင့် ဆို့နင်ခြင်းကုသနည်းများ၊ အထွေထွေအခြေအနေများကို ရှေးဦးပြုစုခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ အသင်းအဖွဲ့ စိတ်ဓာတ်တည်ဆောက်ခြင်း စသည့် ဘာသာရပ်များအား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **အောင်ကို(မြန်/ဆက်)**



# ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာထွက် မြေအိုးများရောင်းအားကျဆင်း

ညောင်ဦး ဧပြီ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာမှ ထွက်ရှိသည့် မြေအိုးအမျိုးမျိုးသည် ယခုနှစ်တွင် ဈေးနှုန်းကျဆင်းနေကြောင်း တောင်ကုန်းကျေးရွာ ရိုးရာအိုးလုပ်ငန်းအမြဲလုပ်ကိုင်ရောင်းချနေသည့် ဦးနေလင်းထံမှ သိရသည်။

ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာသည် မြေအိုးလုပ်ငန်းအား ရိုးရာအိုးလုပ်ငန်းအဖြစ် ရှေးယခင်ကာလများမှ စတင်ကာ ယနေ့အချိန်အထိ မြေအိုးအမျိုးမျိုးပြုလုပ်ရောင်းချခဲ့ရာ ယခုနှစ်တွင် အိုးလုပ်ငန်းလျော့ကျမသွားသော်လည်း မြေအိုးဈေးနှုန်းများကျဆင်းခဲ့ကြောင်း မြေအိုးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။ ယခင်က ထန်းဆွဲမြူအိုးတစ်လုံး ကျပ် ၁၅၀၊ ပြာသိုသောက်ရေအိုးတစ်လုံး ကျပ် ၁၅၀၀၊ မြေပန်းအိုးတစ်လုံးကျပ် ၅၅၀ ရောင်းချခဲ့ရာ ယခုနှစ်တွင် ထန်းဆွဲမြူအိုးတစ်လုံးကျပ် ၁၀၀၊ ပြာသိုသောက်ရေအိုးတစ်လုံးကျပ် ၁၁၀၀၊ မြေပန်းအိုးတစ်လုံး ကျပ် ၄၀၀ အထိ ဈေးနှုန်းကျဆင်းရောင်းချနေရကြောင်း ဦးနေလင်းထံမှ သိရသည်။ တောင်ကုန်းကျေးရွာမှ မြေအိုးအမျိုးမျိုးဖြစ်သည့် ထန်းဆွဲမြူအိုး၊ ပြာသို သောက်ရေအိုး၊ မြေပန်းအိုး၊ မြေဘုရားပန်းအိုး၊ မုန့်ပျားသလက်အိုး၊ မြေရေဆေးဇလုံ၊ မြေသားစုဘူး၊ အိုးပုတ်၊ ချိုးရုပ်၊ မြေသားဟင်းပြင်အိုး၊ မြေသားအရက်ပေါင်းအိုး၊ မြေသားကောက်ညှင်းပေါင်းအိုးနှင့်မြေသားရေတာကောင်းတို့ကို ပြုလုပ်ရောင်းချကြကာ မြေသားအိုးအမျိုးမျိုးပြုလုပ်ရန် ရွှံ့စေးမြေနှင့် သဲမြေအနည်းငယ်တို့အား တစ်နှစ်ပတ်လုံး စုဆောင်းထားကြကြောင်း၊ အိုးလုပ်ရန် မြေသားရွေးချယ်ရာတွင် တောင်ကုန်းကျေးရွာမှ အိုးလုပ်သူတိုင်း ရွေးချယ်တတ်ကြကာ ရွာပတ်ဝန်းကျင်ရှိ ရေကန်များ ရေခန်းခြောက်ချိန်တွင်လည်းကောင်း၊ ယာမြေခြံစည်းရိုးမှမြေသားများကိုလည်းကောင်း တူးဖော်ရှာဖွေစုဆောင်းထားကြကြောင်း သိရသည်။

မြေအိုးပြုလုပ်ရန် မြေသန့်စင်ခြင်း၊ မြေသားသမအောင်ရောမွှေခြင်း၊ ရေနှပ်ထားခြင်းများပြုလုပ်ထားကြပြီး အိုးလုပ်ချိန် အိုးပြင်လှည့်စက်ဖြင့် အိုးထွင်းသူပညာရှင်များက ပြုလုပ်လိုသည့် အိုးအမျိုးမျိုးအား ပြုလုပ်ကြကြောင်း၊ တောင်ကုန်းကျေးရွာတွင် ထူးခြားချက်အနေဖြင့် အိုးထွင်းသူပညာရှင်များမှာ အမျိုးသမီးများသာဖြစ်ကြပြီး အိုးပြင်လှည့်စက်အား တောင်ကုန်းကျေးရွာသူ ကျေးရွာသားများ လူတိုင်းလှည့်တတ်ကြောင်း သိရသည်။

ထွက်ရှိလာသည့် မြေအိုးများအား ကျောက်ပန်းတောင်း၊ တောင်သာ၊ ပခုက္ကူ၊ မြင်းခြံ၊ ညောင်ဦးနှင့် ရေစကြိုမြို့မှပွဲစားများ၊ တောင်ဇင်း၊ တက်မ၊ နှစ်ကျပ်ခွဲကျေးရွာမှ ထန်းတောင်သူများ လာရောက်ဝယ်ယူကြကြောင်း၊ ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာထွက် ထန်းဆွဲမြူအိုးနှင့် ပြာသိုသောက်ရေအိုးမှာ ပါးလွှာပေါ့ပါးပြီး ခိုင်ခံ့ခြင်းကြောင့် နာမည်ရဒေသထွက်အိုးဖြစ်ကြောင်း၊ ယခုနှစ်တွင် ရောင်းအားကျဆင်းခြင်းနှင့် ဈေးနှုန်းကျဆင်းခြင်းများဖြစ်နေကြောင်း သိရသည်။

**ကိုထိန်(KPD)**



# ကျောက်ဆည်မြို့နယ်၌ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိ



ကျောက်ဆည် ဧပြီ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ စမုံ၊ ပန်းလောင်၊ ဇော်ဂျီမြစ်ကမ်းဘေးရှိ သဲနုန်းမြေများနှင့် ရေလွယ်ကူသည့် မြေနေရာများတွင် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရောင်းချသည့် သီးနှံအများစုမှာ ဘူးသီး၊ ရုံးပတီ၊ ခရမ်း၊ ကျောက်ဖရုံ၊ ငရုတ်၊ မုန်လာ၊ ချဉ်ပေါင်၊ ခရမ်းချဉ်၊ ရွှေဖရုံ၊ သခွား၊ တိုင်လွှတ်ပဲ၊ တိုင်ထောင်ပဲ၊ ခဝဲ၊ နံနံ၊ ဆူးပန်း၊ ဆလတ်၊ မုန်ညင်း၊ ပူစီနံ၊ ပင်စိမ်း၊ ခွေးတောက် စသည့်သီးနှံများဖြစ်ကြောင်း သိရသည်။ “ကျွန်မတို့မိသားစုက ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေးမှာ ကုန်စိမ်းရောင်းတဲ့ဆိုင်ရှိတော့ ပိုင်ဆိုင်တဲ့မြေတွေကို ငရုတ်၊ ပဲ၊ ပြောင်း၊ နှမ်း သီးနှံတွေမစိုက်တော့ဘဲ နေ့စဉ်ခူးဆွတ်ရောင်းချပြီး ဝင်ငွေရတဲ့သီးနှံတွေပဲ စိုက်ပျိုးရောင်းချပါတယ်။ သီးနှံမျိုးစုံစိုက်ပျိုးထားတဲ့အတွက် နေ့စဉ်ဝင်ငွေရှိပါတယ်။ မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးတာဆိုတော့ လုပ်သားရှားပါးမှုလည်း မကြုံရပါဘူး”ဟု ပင်တလည်ကျေးရွာမှ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးရောင်းချသည့် ဒေါ်အေးအေးက ပြောပြသည်။

တောင်သူလုပ်ငန်းသည် သီးနှံအောင်မြင်ပြီး ဈေးကောင်းသည့်နှစ်များတွင် မိသားစုများ အဆင်ပြေပြီး သီးနှံမအောင်မြင်၊ ဈေးမကောင်းသည့်နှစ်များတွင် အကြွေးနစ်မွန်းလျက်ရှိသောကြောင့် တချို့တောင်သူများသည် သွင်းအားစုနှင့်လုပ်သားအင်အား စိုက်ထုတ်ရမှုနည်းသည့် နှစ်ရှည်သီးနှံများနှင့် နေ့စဉ်ဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက် သီးနှံများကို ပြောင်းလဲစိုက်ပျိုးလာကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများ၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

နေပြည်တော် မေ ၄

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ဆက်ကပ်လှူဒါန်း

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ မဟာဝိဟာရ ကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်းတော်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာရှိ ရိုးကြီးကျောင်းတိုက်တို့ရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုညကာရီကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ထို့အပြင် လင်းခေးမြို့ မဟာဝိဟာရ ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား တပ်မတော်မှဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်





# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် မေ ၄

နိုင်ငံတော်နှင့်တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများကိုပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ နည်းလမ်းများအတိုင်း အဖျက်အမှောင့်လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်

နေပြည်တော် မေ ၄

ဆူပူအကြမ်းဖက်သူ လူစုလူဝေးများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို တစ်နေ့ထက်တစ်နေ့ ပိုမိုလုပ်ဆောင်နေကြပြီး မေ ၄ ရက်တွင်လည်း တိုင်းဒေသကြီး/ ပြည်နယ်များ၌ မြို့နယ်အချို့ရှိ နိုင်ငံတော်ပိုင်အဆောက်အဦများကို လက်လုပ်မိုင်း၊ မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ထိုသို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ရာ မေ ၃ ရက် ည ၁၁ နာရီ မိနစ် ၄၀ တွင် ဒီမောဆိုမြို့နယ် ရွှေယောက်ရပ်ကွက်ရှိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးသို့ အမျိုးသား (စိစစ်ဆဲ)က ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါ လက်လုပ်မိုင်းမှာ ရုံးရှေ့တွင်ရပ်ထားသော မော်တော်ယာဉ်အနီး ကျရောက်ပေါက်ကွဲခဲ့သဖြင့် မော်တော်ယာဉ်၏ ယာဘက်ခြမ်းဘေးမှန်များနှင့် ရုံးတံခါးမှန် တစ်ချပ်တို့ ပျက်စီးသွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၃ နာရီ မိနစ် ၄၀ တွင် စမ်းချောင်းမြို့နယ် ကျွန်းတောမြောက်ရပ်ကွက် ကျွန်းတောလမ်းနှင့် အောင်သပြေလမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးနှင့်တွဲလျက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနပိုင် အဆောက်အဦ မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် ဖြစ်စဉ်အားစိစစ်ခဲ့ရာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား အကြမ်းဖက်သူလူတစ်စုက မီးတုတ်ဖြင့် မီးရှို့ခဲ့ရာမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေးဦးစီးဌာနပိုင် စက်ရေတွင်းအမှတ်(၈) အဆောက်အဦတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီတွင် ကော့ကရိတ်မြို့ ရဲစခန်းဝင်ပေါက် ယာဘက်အခြမ်း နေအိမ်လိုင်းခန်းနှင့် အုတ်နံရံကြားတွင် အမေရိကန်နိုင်ငံထုတ် M 67 ဟု ယူဆရသည့် စနက်တံဖြုတ်လျက် မောင်းတံပါ လက်ပစ်ဗုံးတစ်လုံးတွေ့ရှိရသဖြင့် နယ်မြေခံ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တပ်ဖွဲ့ဝင်များက စနစ်တကျ ဖောက်ခွဲခဲ့သော်လည်း ပေါက်ကွဲမှု မရှိသဖြင့် လုံခြုံသောနေရာတွင် ထိန်းသိမ်းထားနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် ပဲခူး-သနပ္ပင် ကားလမ်းဘေးရှိ Mytel ရုံးချုပ်အား နာရီစင်ဘက်မှ သနပ္ပင်မြို့ဘက်သို့ အမျိုးသား နှစ်ဦး (စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်အနောက်မှစီးနင်းလာသူက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ Mytel ရုံးရှေ့ ကျရောက်ပေါက်ကွဲခဲ့ပြီး ရုံးလုံခြုံရေးအဆောက်အဦမှန်သုံးချပ် ကွဲအက်ပျက်စီးခဲ့သည်။

ဆက်လက်၍ အဆိုပါ အကြမ်းဖက်သူ နှစ်ဦးသည် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် နန်းတော်ရာရပ်ကွက် ရွှေမော်ဓောဘုရား တောင်ဘက်မုခ်အနီးရှိ ပိတ်ထားသော ကွမ်းယာဆိုင်နှင့် မုခ်ဝရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည့် ဘန်ကာတို့အား လက်ပစ်ဗုံး နှစ်လုံးဖြင့် ထပ်မံလာရောက်ပစ်ပေါက်ခဲ့ရာ ကွမ်းယာဆိုင်ရှေ့ ကျရောက်ခဲ့သော လက်ပစ်ဗုံးမှာ ပေါက်ကွဲခဲ့ကာ ကွမ်းယာဆိုင်၌ ကာရံထားသောမှန်များ ကွဲအက်ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ပေါက်လိုက်သော ဗုံးမှာ ပေါက်ကွဲခြင်းမရှိကြောင်းနှင့် အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များအတွင်း အကြမ်းဖက်မှုလုပ်ရပ် ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၄

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့်ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် တောင်ကြီးမြို့ ကန်သာရပ်ကွက် နယ်မြေ(၂) ရှခင်းသာလမ်းရှိ အဆောက်အအုံအတွင်းမှ အမျိုးသားရှစ်ဦးကို ဓားများ၊ ဂျင်ကလိများ၊ ရှော့တိုက်ဝိုင်ယာကြိုးတပ်ဆင်ထားသည့် ဘက်ထရီအိုးနှစ်လုံး၊ မီးစာတပ်ထားသည့် ဓာတ်ဆီနှင့် ဒီဇယ်ဖန်ပုလင်းအလုံး ၂၀ နှင့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့်လည်းကောင်း၊ လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် မီးပွိုင့်အနီး၌ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့ကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့်လည်းကောင်း၊ ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာရှိ အောင်နိုင်(ဘ)ဦးလှရွှေ၏နေအိမ်၌ လက်လုပ်သေနတ်ငါးလက်နှင့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့်လည်းကောင်း၊ ဘားအံမြို့ အမှတ်(၆)ရပ်ကွက် အေးနန္ဒာလမ်းရှိ ဦးသိန်းနိုင်(ဘ) ဦးငွေမြင့်အား ၎င်း၏နေအိမ်၌ လက်လုပ်သေနတ်သုံးလက်နှင့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့်လည်းကောင်း၊ ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ချောင်းတောင်တံတား၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက် စဉ် ကော့ကရိတ်မြို့ဘက်မှ လမ်းလျှောက်လာသည့် လသု (ဘ) ဦးမောင်နီရေကို လက်လုပ်သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပဲခူးမြို့ပေါ် ရပ်ကွက်များအတွင်းလှည့် ကင်းဆောင်ရွက်နေစဉ် ဥဿာမြို့သစ်(၉)ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးရှိ "ကြယ်စင်ဟိန်း" ထမင်းဆိုင်အနီးရှိ ရေမြောင်းအတွင်းမှ ကော်ပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်လေသေနတ်တစ်လက်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။




အလားတူ ယနေ့နံနက် ၃ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် ဇန်းမော်မြို့နယ် ခွန်သာရပ်ကွက်အရောက်၌ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ ဂျင်ကလိ၊ မီးပုလင်းများဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ပြီး အကြမ်းဖက်သူလူအုပ်စုအတွင်းမှ ဇော်လင်း(၆၁) နှစ် (ဘ)ဦးထယ်ပါ အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦးတို့ကို အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ဂျင်ကလိ ၁၀ ချောင်း၊ သံဆူးခွ ၁၀ ခု၊ မီးစာတပ်ဆင်ထားသည့် ဓာတ်ဆီပုလင်း ၄၁ လုံး၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသည့် ပိုက်လေးချောင်းနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နံနက် ၈ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လှည့်ကင်းဆောင်ရွက်နေစဉ် မဟာအောင်မြေမြို့နယ် လမ်း ၄၀၊ ၆၇ x ၆၈ လမ်းထောင့်အရောက်၌ ပုသိမ်ကြီးမြို့နယ် ရန်ကင်းသာရပ်ကွက်နေ အောင်ဘုန်းခန့်ပါသုံးဦး စီးနင်းလာသော ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ ၎င်းတို့လွယ်ထားသောကျောပိုးအိတ်များအတွင်းမှ ဂျင်ကလိငါးချောင်း၊ သံတုတ်နှစ်ချောင်း၊ ဓားတစ်လက်၊ လက်လုပ်မိုင်းနှစ်လုံး၊ မီးခိုးဗုံးတစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ရာ မဟာအောင်မြေမြို့နယ် (၃၅)လမ်း ၆၈ x ၆၉ လမ်းကြားအရောက်၌ အမျိုးသားနှစ်ဦးသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအားမြင်သည်နှင့် အိမ်အမှတ်(၄) အတွင်းသို့ ပြေးဝင်သွားသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းနေအိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ နေအိမ်အတွင်းမှ မောင်သန့်ပါ အမျိုးသားနှစ်ဦး၊ လက်လုပ်သေနတ်နှစ်လက်နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မုံရွာမြို့ ကန်သာဦးရပ်ကွက်နေ ယာဉ်မှူးဆန်း (၃၅)နှစ် (ဘ) ဦးကျော်ဆန်း၏ ပစ္စည်းအဟောင်းအရောင်းအဝယ်ဆိုင်သို့ သတင်းအရဝင်ရောက်ရှာဖွေခဲ့ရာ ယာဉ်မှူးဆန်းအားမတွေ့ရှိရဘဲ ၎င်းဆိုင်အတွင်းမှ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင်အသုံးပြုမည့် မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်း ၄၄ လုံး၊ ဂျင်ကလိအချောင်း ၄၀၊ လက်လုပ်သေနတ်နှစ်လက်၊ လက်လုပ်ဗုံးနှစ်လုံး၊ ဓားသုံးချောင်းနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ တီးတိန်မြို့နယ် ခိုင်ကမ်းစစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ စစ်ဆေးရှာဖွေစဉ် ဟားခါးမြို့ဘက်မှ ကလေးဘက်မြို့သို့ ထင်အောင်ထွန်း(ဘ) ဦးတင်ထွန်းမောင်းနှင်လာသည့် Toyota Hiace အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ခန်းအတွင်း ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသည့် လေသေနတ်တစ်လက်၊ လက်လုပ်သေနတ်နှစ်လက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပုလောမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းတွင် CDM လုပ်ဆောင်လာအောင် စည်းရုံးလှုံ့ဆော်သူအား ဖမ်းဆီးရမိ



နေပြည်တော် မေ ၄

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ Facebook လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသား၍ CDM တွင် ပါဝင်လုပ်ဆောင်လာအောင် စည်းရုံးလှုံ့ဆော်နေကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းဖော်ထုတ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် ပုလောမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းတွင် နေထိုင်သည့် ကောင်းထက်အောင် (ဘ) ဦးသက်ဦးလွင် ၂၈ နှစ်အား ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးထိန်းသိမ်းထားသူ ကောင်းထက်အောင်သည် ၎င်း၏ ko Aung facebook Account ဖြင့် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သော သတင်းများ ရေးသား၍ ဆူပူအုံကြွမှုဖြစ်ပေါ်အောင်လှုံ့ဆော်ခြင်း၊ အစိုးရဝန်ထမ်းများ CDM လုပ်ဆောင်လာအောင် လှုံ့ဆော်ရေးသားခြင်းနှင့် Dr.Sa Sa နှင့် တရားမဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ-CRPH ကိုထောက်ခံအားပေးသည့် စာသားများအား တစ်ဆင့်မျှဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းထားသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ပုလောမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်သူတစ်ဦးအား သတင်းပေးဟုဆိုကာ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်သူများကို ဖမ်းဆီးရမိ

နေပြည်တော် မေ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာရပ် အောင်ဆန်း(၁)လမ်းတွင် နေထိုင်သော ရဲတပ်သားတစ်ဦး၏ဖခင်ဖြစ်သည့် ဦးမြင့်ဆွေ(စစ်မှုထမ်းဟောင်း)အား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းပေးဟုဆိုကာ တစ်ရပ်ကွက်တည်းနေ ဦးအောင်သန်းအပါအဝင် ဆူပူအကြမ်းဖက်သူအင်အား ၃၀ ခန့်က ၎င်း၏နေအိမ်သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်ရောက်ရှိလာသဖြင့် ယနေ့နံနက် ၁၀ နာရီခန့်တွင် မြိတ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက သွားရောက်လူစုခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများထဲမှ အောင်သန်း၊ ဇာနည်မြင့်ဆွေ၊ ခင်ကြူ(ခ)ခင်ငယ်တို့သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးရမိသူများအား မြိတ်မြို့မရဲစခန်းတွင် (ပ)၁၂၃/၂၀၂၁ ရာဇသတ်ကြီးဥပဒေပုဒ်မ၊ ၁၄၃/၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်


**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။
တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ
အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို
စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး
ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့
စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို
စနစ်တကျပြန်ဆေးပါ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ | ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅ |
| (၂) | ဒေါ်အေးအေးကြည် | ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆ |

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။










မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို အနစ်တကျ အသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။






# တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများအား အနှောင့်အယှက်ဖြစ်စေသည့် အဖျက်လုပ်ရပ်များ လုပ်ဆောင်နေသည့် အကြမ်းဖက်အဖျက်သမားများအား ဖမ်းဆီးရမိရေး သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၄

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ဆန္ဒဖော်ထုတ်မှုများသည် ဒီမိုကရေစီ ယဉ်ကျေးမှုအရ မိမိတို့၏ဆန္ဒကို ဖော်ထုတ်ပြသသည့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်း (Peaceful Protests)အဆင့်မှ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြမှု(Riots)သို့ ပြောင်းလဲခဲ့ပြီး NLD ပါတီဝင် တက်ကြွလှုပ်ရှားသူများ၊ NLD ပါတီအစွန်းရောက် ထောက်ခံသူများ၏ ဦးဆောင်လှုပ်ရှားမှု၊ နောက်ကွယ်မှကြိုးကိုင်စီစဉ်မှုများကြောင့် အချို့မြို့ကြီးများတွင် မင်းမဲ့စရိုက်ပုံစံ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြမှု(Anarchy Mob)အသွင်ဖြစ်ပေါ်ခဲ့ပါသည်။

Anarchy Mob အသွင်လှုပ်ရှားမှုများကို လုပ်ဆောင်ရာတွင် NLD ပါတီဝင် အစွန်းရောက်များနှင့် တရားဥပဒေချိုးဖောက်ပြီး ထွက်ပြေးတိမ်းရှောင်နေသော ဝရမ်းပြေးများသည် NLD ပါတီအာဏာပြန်လည်ရရှိရေးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုယန္တရားရပ်ဆိုင်းရေးအတွက် CDM လှုပ်ရှားမှုနှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်း၊ ရဲစခန်းများအား လူစုလူဝေးဖြင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခြင်း၊ အစိုးရရုံး၊ ဌာန၊ စာသင်ကျောင်းများ မီးရှို့ခြင်းအပါအဝင် လက်နက်ကိုင် ပုန်ကန်အကြမ်းဖက်သည့်အသွင်(Insurrection) အဆင့်သို့ ရောက်ရှိခဲ့ပါသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❋



# ရန်ကုန်မြို့တွင်း လမ်းပိတ်အတားအဆီးများအား ပူးပေါင်းရှင်းလင်း

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့တွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူသွားလမ်းများတွင် လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်းကြောင့် ပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်း၍ ယန္တရားများ၊ မြေသယ်ယာဉ်များအသုံးပြုကာ ဖယ်ရှားရှင်းလင်းခြင်းအား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ရှင်းလင်းရာတွင် ယနေ့နံနက်ပိုင်းမှစ၍ စမ်းချောင်းမြို့နယ် သုခမိန်လမ်း၊ ရှင်စောပုလမ်းတို့မှ သဲအိတ်များနှင့် မီးရှို့ထားသော တာယာများအားလည်းကောင်း၊ အလုံမြို့နယ် ကမ်းနားလမ်းသစ်မှ တာယာအဟောင်းများအားလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ဗားဂရာလမ်းဆုံမှ တာယာအဟောင်းများနှင့် သဲအိတ်များအားလည်းကောင်း၊ တာမွေမြို့နယ် သမိန်ဗရမ်းလမ်း၊ ကျိုက္ကဆံလမ်း၊ ဗညားဒလလမ်း၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်လမ်းနှင့် သီတာလမ်းတို့မှ မီးရှို့ထားသော တာယာများ၊ ပုလင်းကွဲများ၊ အမှိုက်ထုပ်များ၊ အုတ်ခဲကျိုးများ၊ သစ်သားများအားလည်းကောင်း၊ သာကေတမြို့နယ်(၁/အနော်မာ) ရပ်ကွက်၊ အနော်မာ(၁၅)လမ်းထိပ်၊ အတွင်းရွှေခင်းသာလမ်း၊ နိုင်ရွှေဝါလမ်းထိပ်တို့မှ တာယာအဟောင်းများအား လည်းကောင်း၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းနှင့် ခရေပင်လမ်းတို့မှ တာယာအဟောင်းများအားလည်းကောင်း၊ သဃ်ၤန်းကျွန်းမြို့နယ် ရတနာလမ်းမှ သဲ၊ ခဲများအားလည်းကောင်း ဖယ်ရှားရှင်းလင်းခဲ့သဖြင့် ပြည်သူများ လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၄

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရွှေပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၄ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာ တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၅ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာ အချပ်ပိုကို ဧပြီ ၁၈ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ကြေးမုံ ယနေ့ ဖတ်စရာ

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၇၅၆ ဦး စံချိန်တင်တွေ့ရှိ

စာမျက်နှာ » ၁၃

လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

စာမျက်နှာ » ၁၇

## ရီးယဲလ်ဆိုစီဒက်အသင်း ၃၄ နှစ်တာကာလအတွင်း စပိန်ကိုပါဒယ်ရေးဖလား ပထမဆုံးဆွတ်ခူး

ဘီဘာအိုအသင်းနဲ့ ရီးယဲလ်ဆိုစီဒက်အသင်းတို့ ဧပြီ ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ရီးယဲလ်ဆိုစီဒက်အသင်းက ဘီဘာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်ကိုပါဒယ်ရေးဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်ဆိုစီဒက်အသင်းက ပွဲကစားချိန် ၆၃ မိနစ်မှာ ရရှိခဲ့တဲ့ အိုယာဇာဘယ်ရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဘီဘာအိုအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး ရီးယဲလ်ဆိုစီဒက်အသင်းဟာ ဘီဘာအိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် နှစ်ပေါင်း ၃၄ နှစ်တာကာလအတွင်းမှာ စပိန်ကိုပါဒယ်ရေးဖလားကို ပထမဆုံးအကြိမ်အဖြစ် ရယူဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒီပွဲစဉ်ဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီအတွက် ကျင်းပရမယ့် စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံး ဗိုလ်လုပွဲစဉ်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့်

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○

